ယာနာပုံနှိပ်တိုက်

မန္တလေး
နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၃၉)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ ၇–၁–၂၀၂၅၊ အင်္ဂါနေ့ ။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါးစည်းစိမ်ကို ငြူစူတတ်၊ ဝန်တိုတတ်၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ် ။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အဝတ်အထည်ချုပ်လုပ်မှုသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၆**

အဝတ်အထည်ချုပ်လုပ်မှု သင်တန်း အမှတ်စဉ်(၂)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး)၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီနှင့် မန္တလေး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး Guangxi Economic and Trade Vocational Institute မှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနအနေဖြင့် ၁၉၇၉ ခုနှစ်မှစတင်၍ ဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းကာ စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ပြီး စက်မှုကျွမ်းကျင်လုပ်သားများကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ ယခုအခါ အထည်ချုပ်ကဏ္ဍအတွက် အထည်ချုပ်သင်တန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းတွင် လေ့လာသင်ယူမှုကို မြတ်နိုးတန်ဖိုးထားသူ၊ အစဉ်လေ့လာသင်ယူနေသူများဖြစ်အောင် အပတ်တကုတ်ကြိုးစားအားထုတ်ပြီး အနာဂတ်မြန်မာနိုင်ငံ၏ အထည်အလိပ်၊ အဝတ်အထည်နှင့် အထည်ချုပ်စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် ပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် Guangxi Economic and Trade Vocational Institute မှ ကျောင်းအုပ်ကြီးတို့က အမှာစကားပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အဝတ်အထည်ချုပ်လုပ်မှုသင်တန်းခန်းမအတွင်းရှိ သင်ထောက်ကူပစ္စည်းများ၊ အဝတ်အထည်ချုပ်လုပ်မှုနှင့် ပတ်သက်၍ သင်ကြားပေးနေမှုတို့ကို လှည့်လည်အားပေးကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **မန္တလေးနေ့စဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၆ ရက် ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## ယနေ့ ဖတ်စရာအညွှန်း

မြေထဲပင်လယ်အစားအစာထိန်းချုပ်မှုပုံစံကြောင့် အူတွင်းပိုးမွှားများ ပြောင်းလဲပြီး မှတ်ဉာဏ်ကောင်းစေမည် — စာမျက်နှာ ၇

ပညာနှင့် ပညာရှင် (ဆောင်းပါး) — စာမျက်နှာ ၁၀

အွန်နရီ၏ ပရိုးမီးယားလိဂ်သွင်းဂိုးအရေအတွက်အား ဆာလာ လိုက်မီ — စာမျက်နှာ ၁၁

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ အင်္ဂါနေ့။

## MSME လုပ်ငန်းများမြှင့်တင်ရေးနှင့် ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် သမဝါယမနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ စနစ်တကျထွန်းကားစေပြီး ကျေးလက်လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ဆိုသည့် ဝန်ကြီးဌာန၏ မျှော်မှန်းချက်နှင့်အညီ ဦးတည်ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ကမ္ဘာတွင် ဒီဂျစ်တယ်နည်းပညာသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသည့် အခန်းကဏ္ဍက ပါဝင်ကြောင်း။ အဓိကအားဖြင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဒီဂျစ်တယ်နည်းပညာသည် မရှိမဖြစ် လိုအပ်ကြောင်း၊ အာဆီယံနိုင်ငံများ၏ ဒီဂျစ်တယ်နည်းပညာမြှင့်တင်ရေးအတွက် ASEAN Digital Master Plan 2025(ADM 2025) ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Digital Economy Roadmap 2030 ကိုလည်း ရေးဆွဲလျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် ဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ဒီဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုမြှင့်တင်ခြင်း Digital Skill Up Training (TOT) သင်တန်းအမှတ်စဉ်(၁/၂၀၂၅)တွင် ပြောကြားခဲ့သည်။

ယခုဖွင့်လှစ်သော သင်တန်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၄)ဖြင့် ဆောင်ရွက်သည့် MSME လုပ်ငန်းများမြှင့်တင်ရေးနှင့် ဒီဂျစ်တယ်စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့် အငယ်စားစက်မှုလုပ်ငန်းများ၏ ဒီဂျစ်တယ်နည်းပညာကျွမ်းကျင်မှုမြှင့်တင်ရန်အတွက် ဖွင့်လှစ်သော Digital Skill Up Training (TOT) သင်တန်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနမှ သုတေသနပြုစမ်းသပ်ထုတ်လုပ်ခြင်းမှ ရရှိသော ယွန်း၊ ရက်ကန်း၊ စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ဆိုင်ရာ နည်းပညာများအား စာတမ်းဖတ်ကြား ဖြန့်ဝေပေးခြင်း၊ အသိပညာပေးခြင်းနှင့် စက်မှုလက်မှုဆိုင်ရာ ထုတ်ကုန်ပြပွဲ၊ နည်းပညာဆွေးနွေးပွဲတို့ကို အခါအားလျော်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ထမ်းများကိုလည်း အဆင့်မြင့်နည်းပညာပိုင်းဆိုင်ရာများ၊ အသိပညာ၊ အတတ်ပညာများ၊ TOT သင်တန်းများ ဖွင့်လှစ်၍ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်များစွာ လိုအပ်ပါကြောင်း ပြောကြားသည်။

ဒီဂျစ်တယ် အသုံးပြုမှုစွမ်းရည် မြင့်မားလာစေရန်၊ ဒီဂျစ်တယ်နည်းပညာအသုံးပြုပြီး MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်နှင့် ဒီဂျစ်တယ်စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ဒီဂျစ်တယ်စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာပြီး မဲခေါင်ဒေသတွင်းနိုင်ငံများမှတစ်ဆင့် နိုင်ငံတကာဈေးကွက်များနှင့် ချိတ်ဆက်ပြီး ဈေးကွက်ကျယ်ပြန့်စွာ ဆောင်ရွက်လာနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မဟာအောင်မြေမြို့နယ်၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်အခမ်းအနား ကျင်းပ

**မန္တလေး ဇန်နဝါရီ ၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ယနေ့ နံနက် ၉ နာရီက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ကြိုဆိုပါသည် စုံညီပွဲတော်" သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ(ကိုယ်စား)ဦးထွန်းထွန်းဝင်း (အဖွဲ့ဝင်-၂)က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးထွန်းထွန်းဝင်း(အဖွဲ့ဝင်-၂)နှင့် ဌာနတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဦးလှမြင့်နှင့် ကျောင်းအုပ်ကြီးများက ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းကို သီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(ဝ၅၆)





## ဓမ္မဆာယာ သုံးထပ်ကျောင်းဆောင်သစ်ကြီး တည်ဆောက်ရန် မြေသန့်နှင့် ပန္နက်တင်မင်္ဂလာ ကျင်းပ

**ငါန်းဇွန် ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဇွန်မြို့နယ်၊ ဖြူတွင်းကုန်းကျေးရွာ ဓမ္မာရုံကျောင်းတိုက်၌ တည်ဆောက်မည့် ဓမ္မဆာယာ သုံးထပ်ကျောင်းဆောင်သစ်ကြီး၏ မြေသန့်မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

မြေသန့်နှင့် ပန္နက်တင်မင်္ဂလာကို မြို့သာမြို့ ရွှေကျောင်းဆရာတော်ကြီး ဦးဆောင်သော သံဃာတော် ကိုးပါးတို့ ကြွရောက်တော်မူကြပြီး ပရိတ်ကမ္မဝါများ ရွတ်ဖတ်၍ မြေသန့်စင်ခြင်းနှင့် ပန္နက်တင်ခြင်းတို့ကို ဆောင်ရွက်တော်မူခဲ့သည်။

ဓမ္မဆာယာ သုံးထပ်ကျောင်းတော်ကြီးမှာ အလျား ပေ ၆၀ နှင့် အနံ ပေ ၄၀ ရှိပြီး ခန့်မှန်းကုန်ကျငွေကျပ် သိန်း ၄၀၀၀ ဝန်းကျင်ရှိမည်ဟု သိရသည်။

အလှူရှင်မှာ တစ်ဦးတည်း မဟုတ်ဘဲ ဆရာတော်နှင့် ပါရမီဆက်၊ ပဋ္ဌာန်းဆက်ရှိသူ ခုနစ်ရက်သားသမီးများ စုပေါင်းကောင်းမှုဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း ဆရာတော်က မိန့်ကြားတော်မူသည်။ ဓမ္မဆာယာကျောင်းဆောင်သစ်ကြီး ပြီးမြောက်လျှင် မြေညီထပ်တွင် အာဟာရစားသုံးဆောင်ဖြစ်ပြီး ပထမထပ်နှင့် ဒုတိယထပ်များသည် ရဟန်းသာမဏေနှင့် သီလရှင်များ၊ ဓမ္မာရုံ ဘ/က ကျောင်း ဆရာ၊ ဆရာမများနှင့် ကျောင်းအိပ် ကျောင်းသားကလေးများအတွက် အိပ်ဆောင်များ၊ ခေါင်မိုးထပ်သည် ဘုရားဝတ်ပြုဆောင်များ ပါရှိမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းဒါယကာ၊ ဒါယိကာမအဖြစ် ခံယူလိုသူ ပါရမီရှင်များအနေဖြင့် ဓမ္မာရုံကျောင်းဆရာတော် ဘဒ္ဒန္တ ဥတ္တရ(သဒ္ဓမ္မဇောတိကဓဇ) ဖုန်း ဝ၉-၇၉၁ဝ၅ဝ၅၂၅ နှင့် ကျောင်းအကျိုးတော်ဆောင် ရဟန်းမယ်တော်ကြီး ဒေါ်ပြုံး (စိန်ဝေလျှံ ချင်းရိုးရာ အထည်ဆိုင်) ဝ၉-၇၉၇၁၄၉၄၃၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ကျောက်ဆည်မြို့နယ်တွင် ကာလတိုဟင်းသီးဟင်းရွက်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချ

**ကျောက်ဆည် ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် တောင်သူများအနေဖြင့် ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်မျိုးစုံနှင့် ငရုတ်၊ ဝါသီးနှံများ အဓိကထားစိုက်ပျိုးကြပြီး တောင်သူတချို့သည် နေ့စဉ်ဝင်ငွေရရှိရေး ကာလတိုဟင်းသီးဟင်းရွက်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကာလတို သီးနှံများ စိုက်ပျိုးရောင်းချရာတွင် ဆလတ်တွန့်၊ တာချီဆန်၊ အိုးမုန်ညင်း၊ နံနံ၊ ချဉ်ပေါင်၊ ပင်စိမ်း၊ ကြက်သွန်မိတ်၊ မုန်ညင်းခါး စသည့် ဟင်းသီးဟင်းရွက်ပင်များအား ယာမြေအလွတ်များနှင့် ကိုင်းကျွန်းမြေနုများတွင် စိုက်ပျိုးကြကြောင်း၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းကြောင့် ဓာတုဓာတ်ကြွင်းကင်းလွတ်ရန်အတွက် ကိုယ်တိုင်ပြုလုပ်ကြသည့် Super ဘိုကာရှီ၊ EM ဘိုကာရှီ သဘာဝမြေဆွေးမြေဩဇာ၊ ငါး အမိုင်နိုအက်စစ် သဘာဝအပင် အားတိုးဆေး၊ သဘာဝဆေးရွက်ကြီး၊ သဘာဝငရုတ်သီး၊ EM-5 သဘာဝမှိုဆေးများ ပြုလုပ်သုံးစွဲ စိုက်ပျိုးကြောင်း ရန်ပုံနှစ်ကျေးရွာမှ ဟင်းသီးဟင်းရွက်စိုက်ပျိုးသူ တစ်ဦးက ပြောပြသည်။

မီးဖိုချောင်သုံး သီးနှံများကို နေ့စဉ်ဝင်ငွေရရှိရေး ကျောက်ဆည်မြို့ အေးမြကြည်လင်ဈေးတွင် ကိုယ်တိုင်ရောင်းချခြင်း၊ စိုက်ခင်းသို့ လာရောက်ဝယ်ယူသည့် တစ်ပိုင်တစ်နိုင် နယ်လှည့်ဈေးသည်များသို့ ဖောက်သည်ပေးခြင်းများဖြင့် ရောင်းချကြောင်း သိရသည်။

(၄၈၅)



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(ဝ၁ဝ၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (ဝ၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြော်ငြာနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ဝ၂-၂၈၄၇၃၉၈၊ ဝ၂-၂၈၃၂ဝဝ၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-ဝ၂-၄ဝ၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❖ စာမျက်နှာ ၂၄ မှ

အသုံးချနိုင်သည်အထိ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် ထုံးဘိုရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြပြီးနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်တန်းတွင် ပဲခူး၊ မန္တလေး၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီ၊ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်း ၃၀ ဦးအား သင်တန်းပို့ချနေမှုများနှင့် သင်တန်းကျောင်းအတွင်း လိုက်လံကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထုံးဘိုပိုးစာခြံအတွင်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသည့် သစ်စိမ်းမြေသြဇာပိုက်ဆံလျှော် မျိုးစေ့ထုတ်စိုက်ခင်းနှင့် ရေဆင်း-၁စပ်မျိုးနေကြာမျိုးစေ့ထုတ်စိုက်ခင်းများကိုလည်းကောင်း၊ စနစ်တကျပိုးမွေးမြူထားရှိမှုနှင့် ပိုးအိမ်ထုတ်လုပ်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**











## ရှမ်းယူနိုက်တက်အသင်းနှင့် တီရန်ဂါနူးအသင်းတို့ ဇန်နဝါရီ ၈ ရက်တွင် ယှဉ်ပြိုင်ကစားမည်

အာဆီယံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် Asean Club Championship/ AFF Shopee Cup 2024-2025 အုပ်စု(A)ပွဲစဉ်ဖြစ်သည့် ရှမ်းယူနိုက်တက်(မြန်မာ)နှင့် တီရန်ဂါနူး (မလေးရှား)အသင်းတို့ လာမည့် ဇန်နဝါရီ ၈ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းနှင့် တီရန်ဂါနူးအသင်းတို့ ပွဲစဉ်အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီခွဲတွင် သုဝဏ္ဏဘောလုံးကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

ပွဲကြိုသတင်းစာ ရှင်းလင်းပွဲ မတိုင်မီ ညနေ ၄ နာရီခွဲတွင် ရှမ်းယူနိုက်တက်အသင်း၏ Official Training ကို ပြုလုပ်မည်ဖြစ်ပြီး၊ ညနေ ၆ နာရီတွင် မလေးရှားကလပ် တီရန်ဂါနူးအသင်း၏ Official Training ကို ပြုလုပ်သွားမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် Asean Club Championship/ AFF Shopee Cup 2024-2025 အုပ်စု(A) ပွဲစဉ်အဖြစ် လာမည့်ဇန်နဝါရီ ၈ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းတွင် တီရန်ဂါနူးအသင်းအား ဧည့်ခံကစားသွားရမည်ဖြစ်သည်။

**(NGB)**

# အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ဖယ်ခုံမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာပြည်သူများ ပြန်လည်အခြေချနေထိုင်နိုင်ရေး လိုအပ်သည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်အတွင်း KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍အဆိုပါ မြို့နယ်အတွင်းရှိ ကျေးရွာ၊ ရပ်ကွက်များအတွင်းသို့ဝင်ရောက်ကာ ကျေးရွာများအတွင်းရှိ နေအိမ်များကို အကာအကွယ်ရယူ၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။

## ဆုတ်ခွာထွက်ပြေး

ထိုသို့ လုပ်ဆောင်နေမှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများသည် လက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်သို့ သတင်းပေးပို့တိုင်ကြားမှုများ ပြုလုပ်ခဲ့ကြသဖြင့် တပ်မတော်နှင့် PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များပူးပေါင်း၍ အဆိုပါဒေသများအတွင်း လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ဆုတ်ခွာထွက်ပြေးစဉ် အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာများအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ ပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ဒေသခံတိုင်းရင်းသားများ ပိုင်ဆိုင်သည့် ပစ္စည်းများအား အတင်းအဓမ္မလုယက်ယူဆောင်ခြင်းတို့ကို လုပ်ဆောင်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားများအနေဖြင့် ဘေးလွတ်ရာနေရာများ၌ ယာယီနေရပ်စွန့်ခွာ နေထိုင်ခဲ့ကြရသည်။

## ဝိုင်းဝန်းကူညီဆောင်ရွက်

ယခုအခါ တပ်မတော်၏ နယ်မြေ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကြောင့် နယ်မြေဒေသ ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးသွားခဲ့သည့် ကျေးရွာများအတွင်း ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများ ပြန်လည်အခြေချနေထိုင်လုပ်ကိုင် စားသောက်နိုင်ရေး၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ယနေ့နံနက်ပိုင်းတွင် ဖယ်ခုံမြို့နယ်အတွင်းရှိ လမ်းဘေးဝဲ/ယာ နေရာများနှင့် လုဒ်မယ်တော်ကျောင်း( မယ်တော်ဂူ) နေရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက ဖယ်ခုံမြို့နယ်အတွင်းရှိ သံဃာတော်များအတွက် အခြေခံစားကုန်များနှင့် ဝတ္ထုငွေများ ကပ်လှူစဉ်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လုဒ်မယ်တော်ကျောင်း (မယ်တော်ဂူ) အတွက် အလှူငွေများပေးအပ်ပြီး အဆိုပါမြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များအား နတ်တောဘုန်းတော်ကြီးကျောင်းတွင် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ အလှူငွေများအား ဆက်ကပ်လှူဒါန်းသည်။

ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များသည် ဖယ်ခုံမြို့နယ်အတွင်းရှိဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦး လုဒ်မယ်တော်ကျောင်း (မယ်တော်ဂူ) ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေပေးအပ်စဉ်။



KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ဖယ်ခုံမြို့အတွင်းရှိ အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးခဲ့သည့် ပျက်စီးမှုများကို မြင်တွေ့ရစဉ်။

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ကုန်ပစ္စည်းများ ပေးအပ်

**ဘားအံ ဇန်နဝါရီ ၆**

ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများ၊ ဒေသခံပြည်သူများစုပေါင်း၍ စားသောက်ကုန်ပစ္စည်းများ ပေးအပ်သည့်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ဘားအံမြို့ရှိ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အသက်ကို ပဓာနမထားဘဲ တာဝန်များ ထမ်းဆောင်နေကြသည့် တပ်မတော်သားနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းဖြင့် အားပေးကူညီပေးခြင်း ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အန္တရာယ်ကင်းရှင်း၍ တိုက်ပွဲတိုင်း အောင်မြင်နိုင်ပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးထံ စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး လှူဒါန်းကြသည့် ဌာနဆိုင်ရာ





ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ စားသောက်ဖွယ်ရာများကြော်လော်ချက်ပြုတ်ပေးကြသည့် ပြည်နယ်စည်ပင်သာယာရေး အဖွဲ့မှ ဝန်ထမ်းများအား ငွေကျပ် ၁၁ သိန်း ချီးမြှင့်ပေးအပ်သည်။

## ဆင္မအကြိမ်ပေးအပ်

ယနေ့တွင် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးပိကြော်၊ ငါးခြောက်ကြော်၊ ခေါက်ဆွဲခြောက်၊ အချိုရည်၊ ကော်ဖီမစ်၊ မြေပဲဆားလှော်၊ ကြံသကာ အစရှိသော စားသောက်ကုန်ပစ္စည်း ၁၁ မျိုး ပါဝင်သည့် အထုပ်ပေါင်း ၇၅၀၀ ကို ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ဆင္မအကြိမ်အဖြစ် ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံကူးလက်မှတ်(အတု)များဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ တရားမဝင်အလုပ်သမားပို့ဆောင်သူများအား ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၆

ကရင်ပြည်နယ်မြဝတီမြို့အမှတ်(၁) မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား လုံခြုံရေးပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၉ ရက် မွန်းလွဲပိုင်းတွင် မြဝတီမြို့မှ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ယာယီနယ်စပ် ဖြတ်သန်းခွင့်လက်မှတ်(TBP)ဖြင့် ထွက်ခွာမည့် သက်နန္ဒာဝင်း ခေါ်ဆောင်လာသည့် တောင်တွင်းကြီးမြို့နယ်နေ မနှင်းအိဖြူပါ အမျိုးသမီးငယ် သုံးဦးအပါအဝင် မြန်မာလူငယ် ၁၁ဦးထံမှ မြန်မာနိုင်ငံကူးလက်မှတ်အတု ၁၁ အုပ်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။




မြန်မာနိုင်ငံကူးလက်မှတ်အတုပြုလုပ်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများ။

**အမှုဖွင့်လှစ်အရေးယူ**


ယင်းနောက် စိစစ်မေးမြန်းချက်များအရ ၁၁ ဦး အနက် မနှင်းအိဖြူပါ ကိုးဦးအား ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ၃၇ လမ်း (အထက်) ဒုတိယထပ် အမှတ်(၂၂၀)ရှိ One Asia အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ မန်နေဂျင်း ဒါရိုက်တာ နွယ်နီလှိုင်မင်း၊ ဒါရိုက်တာ ခင်မောင်ရွှေ(ခေါ်) ဗလတို့က တစ်ဦးလျှင် ဝန်ဆောင်ခငွေကျပ်သိန်း ၈၀ စီရယူ၍လည်းကောင်း၊ မောင်ကျော်မင်းထွန်းပါ နှစ်ဦးအား ကျောက်တံတားမြို့နယ် အနော်ရထာလမ်းနှင့် (၃၉) လမ်းထောင့် Central Tower တတိယထပ် အခန်း(၃၀၂)ရှိ လျှမ်းထက် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ စုမြတ်(ခေါ်)စုမြတ်နန္ဒာဝင်းက တစ်ဦးလျှင် ငွေကျပ်သိန်း ၇၀ စီ ရယူ၍လည်းကောင်း၊ မြန်မာနိုင်ငံကူးလက်မှတ်အတုများ ပြုလုပ်ပေးကာ မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်၍ ထိုင်းနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ တရားမဝင်လမ်းကြောင်းများမှ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ကြောင်း သိရှိရသဖြင့် မြဝတီမြို့မရဲစခန်းက နွယ်နီလှိုင်မင်း၊ ဗလနှင့် စုမြတ်တို့ကို ဥပဒေအရ အမှုဖွင့်လှစ်အရေးယူခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ခဲ့ရာ One Asia အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ နွယ်နီလှိုင်မင်း၊ ဗလ၊ လျှမ်းထက်ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းမှ ဝဏ္ဏဇော်(ခေါ်) ကိုပေါက်၊ နိုင်ငံကူးလက်မှတ်အတုပြုလုပ်သူများ ဖြစ်သည့် ကမာရွတ်မြို့နယ် အမှတ်(၃) ရပ်ကွက် စေတနာသုခလမ်း အမှတ်(၇၂/၃ လွှာ-စီ)နေ ညီမြင်း၊ လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် မာလာမြိုင်(၉)လမ်း အမှတ်(၁၁/၅ လွှာ-ယာ)နေ ဂျွန်ကိုကို (ခေါ်) ဂျွန်ကိုနှင့် ၎င်း၏ဖခင်ဖြစ်သူ ထွန်းရီ၊ မြန်မာနိုင်ငံကူးလက်မှတ်အတုများကို ဂျွန်ကိုကိုထံအပ်နှံပြုလုပ်၍ အလုပ်သမားများကို မလေးရှားနိုင်ငံသို့ တရားမဝင်ပို့ဆောင်ပေးသူများဖြစ်သည့် ပန်းဘဲတန်းမြို့နယ် အမှတ်(၈) ရပ်ကွက် လမ်း(၃၀/အထက်) အမှတ်(၂၀၀)နေ စန်းဝင်း(ခေါ်) ရဖီးနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် ဗထူးလမ်းသွယ်ထောင့် အမှတ်(၁)နေ သန့်ဇင်ဦးတို့ ရှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

စာမျက်နှာ ၆ သို့ ✪




မြန်မာနိုင်ငံကူးလက်မှတ်အတုတွင် ရိုက်နှိပ်အသုံးပြုသည့် လေဆိပ်ဝင်/ထွက် တံဆိပ်တုံးအတုများ။



စာမျက်နှာ ၅ မှ

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ နွယ်နီလှိုင်မင်း၊ ဗလ၊ စုမြတ်၊ စန်းဝင်းနှင့် သန့်ဇင်ဦးတို့သည် မလေးရှားနိုင်ငံရောက် ကျော်စွာဆိုသူက မြန်မာအလုပ်သမားများကို မလေးရှားနိုင်ငံသို့ စေလွှတ်ပေးရန် အလုပ်အပ်နှံမှု အပါအဝင် မလေးရှားနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်လိုသူများကို စုဆောင်း၍ အခကြေးငွေ ကျပ်သိန်း ၈၀ ရယူပြီး ကျော်စွာအား ငွေကျပ် ၁၇ သိန်း၊ ဇော်လင်းပိုင်နှင့် မျိုးလေး(ခ) ဖာရွတ်တို့အား ထိုင်းဘတ်ငွေ ၂၀၀၀၀ (မြန်မာကျပ်ငွေ ၂၄ သိန်း) စီ၊ အထွေထွေကုန်ကျစရိတ် ကျပ်နှစ်သိန်း ကုန်ကျခဲ့ရာ နွယ်နီလှိုင်မင်းနှင့် ဗလတို့က ငွေကျပ် ၁၃ သိန်း အကျိုးအမြတ် ရယူ၍မလေးရှားနိုင်ငံနေ မျိုးလေး၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံကူး လက်မှတ်အတုပြုလုပ်သူ ဂျွန်ကိုကို ထံ အပ်နှံအတုပြုလုပ်၍လည်းကောင်း၊ မြန်မာနိုင်ငံကူးလက်မှတ်မှ အချက်အလက်များကို ပြုပြင် အတုပြုလုပ်သူ ညီမင်းထံ အပ်နှံ ပြုပြင်၍ လည်းကောင်း မြန်မာနိုင်ငံကူးလက်မှတ် အတုများ ပြုလုပ်ကာ အလုပ်သမားများကို ရန်ကုန်မြို့သို့ ခေါ်ယူစုစည်း၍ ရန်ကုန်မြို့မှ ခရီးသည်တင်ယာဉ်ဖြင့် မြဝတီမြို့သို့ ပို့ဆောင်ပေးကြောင်းသိရသည်။




မြန်မာနိုင်ငံကူးလက်မှတ်အတုတွင် ရိုက်နှိပ်အသုံးပြုသည့် လေဆိပ် ဝင်/ထွက် တံဆိပ်တုံးအတုများဖြင့် ရိုက်နှိပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။

ထို့ပြင် မြဝတီမြို့သို့ ရောက်ရှိပါက ထိုင်းနိုင်ငံ ဗန်ကောက်မြို့နေ ဇော်လင်းပိုင်ဆိုသူ၏ ကိုယ်စားလှယ်ဖြစ်သူ မြဝတီမြို့ အမှတ်(၄) ရပ်ကွက် အောင်မြေရွှေဘုံရပ်နေ သက်နှင်းဝင်းက အမှတ်(၁) မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားမှ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်(TBP)ဖြင့် လည်းကောင်း၊ တရားမဝင်လမ်းကြောင်းများမှ လည်းကောင်း ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပို့ဆောင်ကြောင်း၊ မဲဆောက်မြို့သို့ ရောက်ရှိပါက ဇော်လင်းပိုင်က ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ခွင့် လက်မှတ်(ဘတ်ကတ်)အတုများ ထုတ်ပေးကာ မဲဆောက်မြို့မှ ဗန်ကောက်မြို့သို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ကြောင်း၊ ဗန်ကောက်မြို့သို့ရောက်ရှိပါက မြန်မာနိုင်ငံကူးလက်မှတ်အတုဖြင့် ထိုင်းနိုင်ငံ ပြည်တွင်း လေကြောင်းလိုင်းမှ လေယာဉ်လက်မှတ် ဝယ်ယူ၍ ထိုင်းနိုင်ငံတောင်ပိုင်းရှိ နရာသီဝမြို့သို့ လေကြောင်းခရီးဖြင့် ပို့ဆောင်ပေးကြောင်း၊ နရာသီဝမြို့သို့ရောက်ရှိပါက မျိုးလေး၏ စီစဉ်မှုဖြင့် မလေးရှားနိုင်ငံနယ်စပ် ကလန်တန်းမြို့သို့ တရားမဝင်ရေလမ်းကြောင်းမှ လှေဖြင့်လည်းကောင်း၊ ကလန်တန်းမြို့မှ မလေးရှားနိုင်ငံ ကွာလာလာမ်ပူမြို့သို့ တရားမဝင်ကုန်းလမ်းကြောင်းမှ မော်တော်ယာဉ်ဖြင့် လည်းကောင်း ပို့ဆောင်ကြောင်း၊ ထို့နောက် မလေးရှားနိုင်ငံ ပြည်တွင်း လေကြောင်းလိုင်းများဖြင့် မလေးရှားနိုင်ငံအတွင်း မြန်မာနိုင်ငံကူး လက်မှတ်အတုများ ကိုင်ဆောင်သွားလာ အလုပ်လုပ်ကိုင်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဥပဒေအရ အရေးယူ ဆောင်ရွက်ထားရှိကြောင်း၊ ဂျွန်ကိုကိုအနေဖြင့် ဗလနှင့် စုမြတ်တို့အပါ ၁၄ ဦးတို့ အပ်နှံသည့် နိုင်ငံကူးလက်မှတ်အတု ၇၃၄ အုပ်အား အတုပြုလုပ်ပေးခဲ့ကြောင်းနှင့် အမှုမှထွက်ပြေးတိမ်းရှောင်နေသည့် ကျန်တရားခံများ ဖမ်းဆီးရမိရေးအတွက် ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

## တောင်ကုတ်-ပန်းတောင်းလမ်းပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူငယ်များကို ဖမ်းဆီးနေကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၆

ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး အစပ်ရှိ တောင်ကုတ်-ပန်းတောင်းလမ်းပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူငယ်များကို ဖမ်းဆီးနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများ၏ပြောကြားချက်အရ သက်ဆိုင်ရာမြို့နယ်အလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ စနစ်တကျဖွဲ့စည်းထားရှိပြီး ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ရွေးချယ်ခေါ်ဆောင်လျက်ရှိကာ ဥပဒေမဲ့ ဖမ်းဆီးခြင်းများမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ဥပဒေမဲ့ဖမ်းဆီးပြီး လူသစ်စုဆောင်းခြင်း၊ သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါသတင်းသည် တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် ပြည်သူလူထု စိုးရိမ်ပူပန်မှုမြင့်တက်စေရန် အတွက် လုပ်ကြံရေးသား ဝါဒဖြန့်နေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## လွိုင်လင်မြို့နယ်အတွင်း ဒုတိယအကြိမ် ဘိန်းခင်း ၅၆၃ ဧကဖျက်ဆီး

လွိုင်လင် ဇန်နဝါရီ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး မိုးညွန့်ထွန်း ဦးဆောင်သည့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးလွင်ဦး ဦးစီးသောပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် ပင်လုံမြို့ အနောက်ဘက် တောင်ကုန်းတောင်စောင်းများတွင် စိုက်ပျိုးထားသော သီးပွင့်ဆဲဘိန်းခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ဒုတိယအကြိမ်အဖြစ် ၅၆၃ ဧကကို ဖျက်ဆီးခဲ့ကြောင်းနှင့် ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မိတ္ထီလာမြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းဆောင်ရွက်



မိတ္ထီလာ ဇန်နဝါရီ ၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းတွင် ဈေးရုံများအား မီးငြိမ်းသတ်ရေးယာဉ်များမှ မီးသတ်ရေပိုက်များအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကြီးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများက စုပေါင်းဆောင်ရွက်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်၊ ဈေးအရာရှိနှင့် ဈေးအကျိုးဆောင် ကော်မတီဝင်များက ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအဖွဲ့သည် မြို့မဈေးကြီး၊ ဗဟိုဈေးနှင့် ပိတောက်မြိုင်ဈေးတို့အတွင်းရှိ မီးသတ်ရေစက်ရုံများ၊ မီးသတ်ရေငုတ်များ၊ မီးသတ်ရေလှောင်ကန်များတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

၄၅၃

၀-၀-၀-၀-၀

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။**

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၆

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"အနောက်မျှော် မီဒီညာတွေရဲ့ သပ်လျှိုသွေးခွဲသတင်းတွေကြားမှာ အစိုးရနဲ့ ပြည်သူအချင်းချင်းကြား သွေးမကွဲဖို့ လိုအပ်နေပြီ"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ်ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **"လက်နက်ကိုင်သောင်းကျန်းသူများ ထိန်းချုပ်ထားတဲ့နယ်မြေမှာ လူ့အခွင့်အရေးချိုးဖောက်နေတဲ့ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ


## Jung Kook ၏ Dreamer ကို FIFA 2030 ကမ္ဘာ့ဖလားအိမ်ရှင်နိုင်ငံရွေးပွဲတွင် ဖွင့်လှစ်ထား




Jung Kook ၏ Qatar World Cup သီချင်း Dreamer ကို FIFA က 2030 ကမ္ဘာ့ဖလားအိမ်ရှင်နိုင်ငံရွေးချယ်ပွဲရလဒ်များကို တရားဝင်ထုတ်ဖော် ကြေညာရာမှ နိုင်ငံပေါင်း(၁၆)နိုင်ငံ၏ ဖွင့်လှစ်အားပေးကြည့်ရှုမှုနှင့် ထိပ်ဆုံးစာရင်းဝင်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါကြေညာချက်ထုတ်ပြန်ပြီးနောက် 2022 FIFA Qatar World Cup အဖွင့်သီချင်း Dreamers မှာ ကမ္ဘာလုံးဆိုင်ရာစာရင်းတွင် နံပါတ် ၁၅ နေရာ၊ အင်္ဂလန်တွင် ၁၃၊ နယ်သာလန်တွင် ၁၇၊ အာရပ် အန်မရိတ်တွင် ၂၇၊ ဩစတြေးလျတွင် ၂၉၊ အိုင်ယာလန်တွင် ၃၄ စသည့် နိုင်ငံ (၁၆)နိုင်ငံနှင့် တစ်ရက်အတွင်း ကြည့်ရှုနှုန်းမြင့်မားစွာနှင့် ထိပ်ဆုံးရောက်ခဲ့ပြီး နှစ်နှစ်အကြာ တစ်ဖန်ရေပန်းစားမှု ပြန်လည်ရရှိခဲ့သည်။

(SKY)



## မြေထဲပင်လယ်အစားအစာ ထိန်းချုပ်မှုပုံစံကြောင့် အူတွင်းပိုးမွှားများ ပြောင်းလဲပြီး မှတ်ဉာဏ်ကောင်းစေမည်

စပိန်၊ အီတလီနှင့် တူရကီစသော မြေထဲပင်လယ်ဒေသအတွင်းရှိ နိုင်ငံများသာ သုံးလေ့ရှိသော စားသောက်မှုပုံစံကို မြေထဲ ပင်လယ်အစားအစာထိန်းချုပ်မှုပုံစံဟု ခေါ်ဆိုကြသည်။

ကျန်းမာရေးနှင့်မညီညွတ်သော အဆီများမပါဝင်သည့် ယင်းအစားအစာထိန်းချုပ်မှုပုံစံကို အမေရိကန်ပြည်ထောင်စုတွင် ကျန်းမာရေးလိုက်စားသူများ ယခုနောက်ပိုင်း၌ အလေးထားလာကြသည်။

မြေထဲပင်လယ်အစားအစာ ထိန်းချုပ်မှုပုံစံနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စု လူဝီစီယားနားပြည်နယ် နယူးအော်လင်းမြို့ရှိ တူလိန်းပုဂ္ဂလိက သုတေသနတက္ကသိုလ်မှ အာရုံကြောဇီဝရောဂါကာဆော့လ်ချ်အောတာရီယာနို ဦးဆောင်သော သုတေသီများ လေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ယင်းမြေထဲပင်လယ်အစားအစာထိန်းချုပ်မှုပုံစံကြောင့် အူတွင်းပိုးမွှားများပြောင်းလဲပြီး မှတ်ဉာဏ်ကောင်းစေမည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။SCI

## Santosh နိုင်ငံတကာရုပ်ရှင်ဆုပေးပွဲတွင် ဆုပေါင်းခြောက်ဆု ရရှိထား




နိုင်ငံတကာရုပ်ရှင်ဆုပေးပွဲတွင် ဆုပေါင်းခြောက်ဆုရရှိထားသည့် ဟင်ဒီစကားပြော အိန္ဒိယရုပ်ရှင်မှာ Santosh ဖြစ်သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် အိန္ဒိယနိုင်ငံ၏ ခလေ့ထုံးစံအရ သားဖြစ်သူ ကွယ်လွန်သွား၍ ချွေးမကို အိမ်တွင်မထားဘဲ မိဘအိမ်ပြန်ပို့ချင်သည့် မိသားစုနှင့်ခင်ပွန်းက တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့၍ ဇနီးက အစားဝင်ရောက်တာဝန်ထမ်းဆောင်ပုံတို့ကို ရိုက်ကူးတင်ပြထားသည်။

အိမ်ထောင်သည် အမျိုးသမီးတစ်ဦး တာဝန်ထမ်းဆောင်ရာမှ လုပ်ငန်းစဉ်များကို မရင်းနှီး၍ လွဲချော်မှုများနှင့် ဘဝခရီးဆက်ရပုံကို ရိုက်ကူးထားရာ နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဆုပေါင်းခြောက်ဆု သိမ်းပိုက်ရရှိခဲ့သည့် ရုပ်ရှင်ဖြစ်ပြီး ၂၀၂၄ခုနှစ်တွင် ထွက်ရှိထားသည်။ (SKY)

## G Dragon က My Santa Claus Project မှ အနိုင်ရသည့်ငွေများ လှူဒါန်းထား



K Pop ဘုရင်ကြီး ရှစ်နှစ်ကြာမှ ပြန်ပေါ်လာကာ Power, Home Sweet Home တို့ဖြင့် စံချိန်ချိုးပြီး ပရိသတ်ကို သိမ်းပိုက်နိုင်ရုံသာမက My Santa Claus Project တွင် အနိုင်ရသည့်ငွေ ဝမ်သန်းတစ်ရာကို ကလေးငယ်များအတွက် လှူဒါန်းပေးခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

G Dragon ခေါ် Kwon Ji-Yong သည် ဆန်တာကလော့ဝတ်စုံနှင့် အဆိုပါပွဲတွင် အနိုင်ရရှိခဲ့ပြီး ကလေးငယ်များအတွက် ဝမ်သန်းတစ်ရာကို Miral Welfare Foundation ၏ Child Welfare Project တွင် လှူဒါန်းမှု ပြုလုပ်ခဲ့သည်။

G Dragon သည် အယ်လ်ဘမ်သစ် Ubermensch အတွက် General Producer, Music Producer, Arrangement Producer တို့ကို တာဝန်ယူခဲ့သည့် အနုပညာရှင်ဖြစ်ကာ Daesung, Taeyang တို့နှင့် အတူတွဲ၍ ဂီတထက် ကျော်လွှန်မှုကို ပြသခဲ့သူဖြစ်သည်။ (SKY)

## The Boyz အဖွဲ့ One Hundrel Label နှင့် စာချုပ် ချုပ်ဆိုခဲ့ကြ


ကေပေါ့ပ်မျိုးဆက်သစ် The Boyz အဖွဲ့သည် လက်ရှိကုမ္ပဏီနှင့် စာချုပ်သက်တမ်းပြည့်သွား၍ One Hunder Label နှင့် စာချုပ်သစ် ချုပ်ဆိုခဲ့ရာမှ ပြဿနာများကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

The Boyz အဖွဲ့၏ ကုမ္ပဏီ အိုင်အက်စ်တီအင်တာတိန်းမင့်ဘက်မှ ကြော်ငြာထုတ်ပြန်ထားရာတွင် စာချုပ်အဆုံးသတ်သွားပြီဖြစ်ပြီး The Boyz နှင့်ပတ်သက်၍ ရှေ့လှုပ်ရှားမှုအတွက် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း တစ်ဖွဲ့လုံး ပြောင်းရွှေ့သွားမှုအပေါ် ကုမ္ပဏီသစ်နှင့် ဆွေးနွေး၍ The Boyz အမည်ကိုပင် ဆက်လက်သုံးနိုင်ရန် ခွင့်ပြုခဲ့ကြောင်းများ ပါရှိသည်။

အများအားဖြင့် စာချုပ်သက်တမ်းကုန်ဆုံး၍ အခြားအဖွဲ့သို့ပြောင်းလျှင် အမည်သစ်နှင့် လှုပ်ရှားကြရသည်ဖြစ်ရာ The Boyz က ထိုအရာကို အောင်မြင်ခဲ့ခြင်းဖြစ်သည်။ (SKY)



## Daniel Radcliffe ပါဝင်ထားသည့် Jungle မှာ ဖြစ်ရပ်မှန်ဇာတ်လမ်းကို ရိုက်ကူးထား




ဖြစ်ရပ်မှန်ဇာတ်လမ်းကို ရိုက်ကူးထားသည့် Jungle ကားတွင် Daniel Radcliffe အဓိကပါဝင်ထားပြီး IMDb 6.8 ရရှိထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် ကမ္ဘာပတ်ခရီးထွက်ခြင်းကို နှစ်သက်သည့် မိန်းကလေးတစ်ဦး ဘိုလီဗီယားနိုင်ငံကို ရောက်လာပြီး သူ့လို စွန့်စားခန်းထွက်ရသည်ကို နှစ်သက်သည့် ကျောင်းဆရာတစ်ဦး၊ ဓာတ်ပုံဆရာတစ်ဦးတို့နှင့် ခင်မင်၍ သုံးဦးအတူ ခရီးဆက်ခဲ့ကြသည်။

သူတို့သုံးဦး La Puz မြို့လေးတွင် လူတစ်ဦးနှင့်ဆုံခဲ့ပြီး တောနက်ထဲရှိ အင်ဒီယန်းလူမျိုးစုများ ရှေ့ရှာသည့်နေရာသို့ သွားခဲ့ကြရာမှ အချင်းချင်း စိတ်အခန့်မသင့်ဖြစ်ကြပြီး လမ်းခွဲခဲ့ကြကာ မိန်းကလေးတစ်ဦးတည်းက တောနက်ထဲတွင် ရှင်သန်ရန် ကြိုးစားခဲ့ရပုံကို ရိုက်ကူးတင်ပြထားသည်။

(SKY)

*-*-*-*-*

## Tiger Shroff ၏ BAAGHI 4 ရိုက်ကူးရေး မပြီးပြတ်သေး

ဘောလိဝုဒ်မင်းသား Tiger Shroff ပါဝင်ထားသည့် Baaghi 4 ကို နိုဝင်ဘာလမှ စတင်ရိုက်ကူးခဲ့ရာ ရိုက်ကူးရေးမပြီးသေး၍ မင်းသမီးအမည် မသိရသေးသော်လည်း အက်ရှင်ဇာတ်ကားဖြစ်ကြောင်း ဘောလိဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကားကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထားပြီး ပထမဦးဆုံး ပိုစတာကို ထုတ်ဖော်ပြသခဲ့ရာ ပရိသတ် စိတ်ဝင်စားမှု ရရှိခဲ့သည်။

ပရိသတ် အချစ်တော် ဝါရင့်မင်းသားကြီး Sanjay Dutt နှင့် တွဲ၍ Tiger Shroff ကို ကြမ်းတမ်းခက်ထန်သော သားရဲတစ်ကောင်အဖြစ် မြင်တွေ့ရပြီး မင်းသမီး နှစ်လက်အမည်ကို ဖော်ပြထားခြင်းမရှိသေးခြင်းမှာ ရိုက်ကူးရေး မပြီးသေးသောကြောင့်ဟု ပြောကြားထားသည်။ (SKY)



## နိပ္ပွန်သံမဏိကုမ္ပဏီအပေါ် အမေရိကန်သမ္မတ၏ ပိတ်ပင်မှု ဂျပန်ဝန်ကြီးချုပ် ရှိဂေးရု အိရှိဘ သတင်းစာရှင်းလင်း

**တိုကျို ဇန်နဝါရီ ၆**

နိပ္ပွန်သံမဏိကုမ္ပဏီအပေါ် အမေရိကန်သမ္မတ၏ သံမဏိအရောင်းပိတ်ပင်မှုကိစ္စနှင့်ပတ်သက်၍ ဇန်နဝါရီ ၆ ရက်က တိုကျိုမြို့တော်တွင် ဂျပန်ဝန်ကြီးချုပ် ရှိဂေးရုအိရှိဘ သတင်းစာရှင်းလင်းခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



ပြည်တွင်းစက်မှုလုပ်ငန်းကို မဟာဗျူဟာကျကျ ကာကွယ်ရန်လိုအပ်သဖြင့် ဂျပန်အခြေစိုက် နိပ္ပွန်သံမဏိကုမ္ပဏီထံသို့ အမေရိကန်သံမဏိကုမ္ပဏီက လာမည့်နှစ်တွင် သံမဏိရောင်းမပေးတော့ဘဲ ပိတ်ပင်ကန့်သတ်လိုက်ရခြင်း ဖြစ်သည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်သည်။

၎င်း၏သမ္မတသက်တမ်း ကုန်ဆုံးတော့မည့်ဆဲဆဲ ရက်ပိုင်းအတွင်း နိပ္ပွန်သံမဏိကုမ္ပဏီထံသို့ သံမဏိမရောင်းတော့ဘဲ ရပ်တန့်စေရန် ဂျိုးဘိုင်ဒင်ဆုံးဖြတ်ချက်ချခဲ့ခြင်းကြောင့် ဂျပန်နှင့်အမေရိကန် နှစ်နိုင်ငံအကြား အပြန်အလှန်ရင်းနှီးမြှုပ်နှံမှု၏ အနာဂတ်အတွက် ရင်လေးဖွယ်ကောင်းလှကြောင်း ဂျပန်ဝန်ကြီးချုပ် ရှိဂေးရုအိရှိဘက ထုတ်ဖော်ပြောကြားသည်။

တောင်ကိုရီးယားသို့ အလည်အပတ်သွားရောက်သော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကင် ဂျပန်သို့ ဝင်ရောက်ခရီးတစ်ထောက်နားစဉ် နိပ္ပွန်သံမဏိကုမ္ပဏီကလည်း သတင်းစာရှင်းလင်းပွဲပြုလုပ်ရန် စီစဉ်နေကြောင်း သိရသည်။ **Mon**

## နိုင်ငံရေးအကျပ်တွေ့နေခဲ့သော ကနေဒါဝန်ကြီးချုပ် လစ်ဘရယ်ပါတီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်တော့မည်



**အော့တဝါ ဇန်နဝါရီ ၆**

နိုင်ငံရေးအကျပ်တွေ့နေခဲ့သော ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူဒိုးအနေဖြင့် ရက်ပိုင်းအတွင်း လစ်ဘရယ်ပါတီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်းအနေဖြင့် မူလရွေးကောက်ပွဲမဲရလဒ်အရ ဝန်ကြီးချုပ်ရာထူးတာဝန်ကို ဆက်လက်ထမ်းဆောင်ခွင့်ရှိသေးသော်လည်း အတိုက်အခံများဘက်ကသာမက မိမိပါတီတွင်းကပါ လိုလားထောက်ခံသူ လျော့နည်းလာခဲ့ရာမှ နိုင်ငံရေးအကျပ်အတည်းထဲ၌ ပိတ်မိနေခဲ့ခြင်း ဖြစ်သည်။

ဒေါ်နယ်လ်ထရမ့်က ကနေဒါနိုင်ငံ၏ ပို့ကုန်များအပေါ် အခွန်အတုပ်တိုးမြှင့်ကောက်ခံသွားမည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ပြီးနောက် ထိုကိစ္စအပေါ်ထားရှိရမည့် မူဝါဒနှင့်ပတ်သက်၍ ငြင်းခုန်ကြရာမှ ၎င်း၏ နောက်ဆုံးလက်ကျန်နိုင်ငံရေးမဟာမိတ်ဖြစ်သူ ဘဏ္ဍာရေးဝန်ကြီး နုတ်ထွက်သွားခဲ့သည်။

အသက် ၅၃ နှစ်အရွယ်တွင် ဝန်ကြီးချုပ်ဖြစ်လာခဲ့သော ဂျပ်စတင်ထရူဒိုးကို အစပိုင်း၌ မဲဆန္ဒရှင်အများစုက များစွာမျှော်လင့်ခဲ့ကြသော်လည်း ယခုအခါ ထိုမဲဆန္ဒရှင်များ၏ သုံးပုံနှစ်ပုံက ၎င်း နုတ်ထွက်ပေးရန်လိုလားနေကြောင်း သိရသည်။ **Mon**

## အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ လူပေါင်း ၅၇၀၀၀၀ အတွက် အစိုးရက အခမဲ့အစားအစာ တည်ခင်းကျွေးမွေး

**ဂျကာတာ ဇန်နဝါရီ ၆**

ဇန်နဝါရီ ၆ ရက်က အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ လူပေါင်း ၅၇၀၀၀၀ အတွက် အစိုးရက အခမဲ့အစားအစာ တည်ခင်းကျွေးမွေးခဲ့ကြောင်း စီအင်န်အေသတင်းဌာနကဖော်ပြသည်။

မီးဖိုချောင် ၁၉၀ တွင် ဟင်းလျာနှင့် အစားအစာများကို ချက်ပြုတ်ပြင်ဆင်ပြီး ပြည်နယ်ပေါင်း ၂၀ ရှိ ကျောင်းသား၊ ကျောင်းသူများ၊ အမျိုးသမီးများနှင့် ကိုယ်ဝန်ဆောင်မိခင်များကို ကျွေးမွေးခဲ့ခြင်းဖြစ်သည်။

သမ္မတ ပရာဘိုဝိုဆူဘီယန့်တိုက ရွေးကောက်ပွဲကတိအတိုင်း အာဟာရဖြည့်တင်းပေးရန် လိုအပ်နေသူများကို ကျွေးမွေးစေခဲ့ခြင်းဖြစ်ကြောင်း သမ္မတရုံးပြောခွင့်ရသူက ဆိုသည်။

ယခုနှစ်တွင် အင်ဒိုနီးရှားအစိုးရက လူဦးရေ ၁၅ သန်းကို ထိုအခမဲ့အစားအစာကျွေးမွေးမည့်အစီအစဉ် အကောင်အထည်ဖော်သွားမည်ဖြစ်ရာ အမေရိကန်ဒေါ်လာ သန်း ၄၃၉၀ ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

နိုင်ငံသားများ အာဟာရပြည့်ဝစွာ စားသုံးနိုင်စေရန်အတွက် အင်ဒိုနီးရှားအစိုးရက ၂၀၂၉ ခုနှစ်တွင် လူဦးရေ ၈၂ သန်း ကျော်ကို အခမဲ့အစားအစာ ကျွေးမွေးရန် စီစဉ်ထားကြောင်း သိရသည်။ **Mon**





## အိန္ဒိယအခြေစိုက် ဖမ်းရိုဘိုနည်းပညာကုမ္ပဏီက မောင်းသူမဲ့ လျှပ်စစ်ထွန်စက်တစ်မျိုး ဖန်တီးထုတ်လုပ်

**ဒေလီ ဇန်နဝါရီ ၆**

အိန္ဒိယအခြေစိုက် ဖမ်းရိုဘိုနည်းပညာကုမ္ပဏီက အိုင်မော့ဟု အမည်ပေးထားသော မောင်းသူမဲ့ လျှပ်စစ်ထွန်စက်တစ်မျိုးကို ဖန်တီးထုတ်လုပ်ပြီး စတင်ဖြန့်ဖြူးရောင်းချပေးနေပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၁၉ ခုနှစ်ကတည်းက စတင်တီထွင်ဖန်တီးကာ အကြိမ်ကြိမ်စမ်းသပ်ခဲ့ပြီးနောက် ယာဉ်အလေးချိန်ပေါင် ၅၅၀ သာရှိသော အဆိုပါ မောင်းသူမဲ့လျှပ်စစ်လယ်ထွန်စက်ကို အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဘက်ထရီအားအပြည့်သွင်းထားလျှင် ၅ နာရီအလိုအလျောက်မောင်းနှင်စေနိုင်သော ထိုလယ်ထွန်စက်ကို ဥရောပနိုင်ငံများအထိ ဖြန့်ဖြူးပေးနေရကြောင်း သိရသည်။ **Mon**

## ထိုင်းနိုင်ငံတောင်ပိုင်း ဆင်ရိုင်းဘေးမဲ့တောထဲတွင် စပိန်အမျိုးသမီး ဆင်အစွယ်ဖြင့် အထိုးခံရပြီး သေဆုံး

**ဘန်ကောက် ဇန်နဝါရီ ၆**

ထိုင်းနိုင်ငံတောင်ပိုင်း ဖန်းငပြည်နယ် ကိုယောက်ခရိုင်ရှိ ဆင်ရိုင်းဘေးမဲ့တောထဲတွင် ယမန်နေ့က ခရီးသွားဧည့်သည် စပိန်လူငယ်အမျိုးသမီးတစ်ဦး ဆင်အစွယ်ဖြင့် အထိုးခံရပြီး သေဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အသက် ၂၂ နှစ်အရွယ် ဘလန်ကာအိုဂျန်ဂူရင်ဂါစီယာဆိုသူအမျိုးသမီးသည် စပိန်နိုင်ငံအနောက်မြောက်ပိုင်း ဗာလာဒိုလစ်မြို့မှ တက္ကသိုလ်ကျောင်းသူတစ်ဦးဖြစ်သည်။



ထိုင်းနိုင်ငံသို့ အလည်အပတ်လာရောက်ခဲ့ပြီးနောက် အဆိုပါဆင်ရိုင်းဘေးမဲ့စခန်း၌ ဆင်ကို ရေချိုးပေးနေစဉ် ထိုဆင်က ၎င်းကို အစွယ်ဖြင့်ထိုးပြီး သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ



အမေရိကန်ပြည်ထောင်စုသို့ အလည်အပတ်ရောက်ရှိလာသော အီတလီနိုင်ငံမှ အမျိုးသမီးသမ္မတ ဂျော်ဂျီယာမယ်လိုနီကို ဒေါ်နယ်လ်ထရမ့်နှင့်အတူ ဖလော်ရီဒါပြည်နယ် အုန်းပင်ကမ်းခြေရှိ မာရာလာဂိုစံအိမ်၌ ယမန်နေ့က တွေ့ရစဉ်။ **Mon**



## မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်ကို နေအိမ်အကျယ်ချုပ် ပြောင်းလဲကျခံခွင့်ပေးလိုက်ပြီ

**ကွာလာလမ်ပူ ဇန်နဝါရီ ၆**

အသက် ၇၁ နှစ်အရွယ် မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်ကို တရားလွှတ်တော်က နေအိမ်အကျယ်ချုပ် ပြောင်းလဲကျခံခွင့်ပေးလိုက်ပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မလေးရှားတရားလွှတ်တော်ရှိ သုံးပါးထိုင်အဆုံးအဖြတ်အရ ၎င်း လျှောက်လဲထားသည့်အတိုင်း လိုက်လျောခွင့်ပြုပေးလိုက်ခြင်း ဖြစ်သည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလက လွတ်ငြိမ်းခွင့်သတ်မှတ်ရေးခုံအဖွဲ့တွင် မလေးရှားဘုရင်က ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်စဉ် နာဂျစ်ရာဇတ် ကျခံနေရသော ထောင်ဒဏ် ၁၂နှစ်ကို ၆နှစ်အထိ လျှော့ပေါ့ပေးခဲ့သည်။

ယင်းဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်သည် အစိုးရဖွံ့ဖြိုးရေးရန်ပုံငွေ အလွဲသုံးမှုဖြင့် ထောင်ဒဏ်နှစ်ရှည် ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

**STOP AIDS**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်သရုပ်ပြ



**ကာလီ ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကာလိမြို့တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းကို ယမန်နေ့ နံနက်ပိုင်းက တင်းလီဈေးအတွင်း လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကာလိမြို့ မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးရဲမင်းဟိန်းက မီးဘေးလုံခြုံရေးနှင့်စပ်လျဉ်းသည့် ရည်မှန်းချက်တာဝန်(၄)ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးလုပ်ငန်းများအားလည်းကောင်း၊ မီးလောင်ကျွမ်းခြင်းအကြောင်းအရင်းများ၊ မီးအတန်းအစားခွဲခြားခြင်း၊ အခြေခံမီးငြိမ်းသတ်နည်း (၃)နည်း၊ မီးသတ်ယာဉ်စက်များ အချိန်မီငြိမ်းသတ်နိုင်ရန် ဆောင်ရွက်နေမှုများ၊ လျှပ်စစ်မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းအရင်း အချက်အလက်များ၊ လျှပ်စစ်မီးလောင်လျှင် ရှောင်ကြဉ်ရမည့်အချက်များ၊ မီးလောင်မှုဖြစ်ပွားပါက ဆောင်ရွက်ရမည့်အချက်များ၊ မီးဘေးအန္တရာယ်ကြုံတွေ့ပါက အမြန်ဆုံးဆက်သွယ်အကြောင်းကြားနိုင်သည့် ဖုန်းနံပါတ်များကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့ငြိမ်းသတ်သရုပ်ပြသခဲ့ပြီး တက်ရောက်လာကြသူများ ကိုယ်တိုင်လက်တွေ့မီးငြိမ်းသတ်စေခဲ့သည်။

အဆိုပါ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲသို့ ကာလိမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးစန်းမြင့်သန်း၊ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဈေးသူဈေးသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



## အမှတ်(၂)ရပ်ကွက်ရှိ နေအိမ်များသို့ မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြုံတွေ့လာပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက ဆင်ပေါင်ဝဲမြို့ အမှတ်(၂)ရပ်ကွက်ရှိ နေအိမ်များသို့ မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထို့သို့ဆောင်ရွက်ရာတွင် လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေး ဦးဆောင်၍ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းအဖွဲ့များက အမှတ်(၂)ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ သွားရောက်၍ ပြည်သူများအနေဖြင့် မြို့နယ်အတွင်း မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးနှင့် မီးဘေးကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုမရှိစေရေးအတွက် မီးကို စနစ်တကျအသုံးပြုစေရေး၊ လျှပ်စစ်မီးသုံးစွဲသူများအနေဖြင့် မိမိတို့နေအိမ်အတွင်း သွယ်တန်းထားသော လျှပ်စစ်ဝါယာကြိုးများအား အရည်အသွေးကောင်းမွန်သော အမျိုးအစားများသုံးစွဲကြပါရန်နှင့် ထင်းမီးဖိုဖြင့် ထမင်း၊ ဟင်းချက်ပြုတ်သူများအနေဖြင့် မီးကြွင်း၊ မီးကျန်များကို စနစ်တကျ မီးငြိမ်းသတ်စေရန်၊ မီးသတ်ဆေးဘူး၊ မီးသတ်ရေပုံးများ၊ မီးချိတ်၊ မီးကပ်များ၊ သဲအိတ်များအသင့်ထားရှိရန်လိုအပ်ကြောင်း၊ မတော်တဆ မီးလောင်မှုဖြစ်ပွားပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ပေးကြရန် စသည့်တို့ကို ကွင်းဆင်းစစ်ဆေးအကြံပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ကျိုင်းတုံမြို့နယ်တွင် ဘိန်းဖြူဘလောက်တုံး ၉၁ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁ ရက်နေ့ ညနေ ၆ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ယန်းလောကျေးရွာအုပ်စု၊ ကျိုင်းဖောင်းကျေးရွာအနီးတွင် မိုင်းပျဉ်းမှကျိုင်းတုံဘက်သို့ စိုင်းခမ်းခုံး(ခ)အိုက်ခုံး(၄၁)နှစ်၊ ကွန်ဟိန်းမြို့နယ်နေသူမောင်းနှင်ပြီး ကြာဦး(၄၂)နှစ်၊ ရပ်စောက်မြို့နယ်နေသူ လိုက်ပါလာသည့် HINO ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူဘလောက်တုံး ၂၆၀ တုံး၊ အလေးချိန် ၉၁ ကီလိုသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဘိန်းဖြူများအား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နယ်မှ မြန်မာ-ထိုင်းနယ်စပ်၊ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၄င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော် ထုတ်လျက်ရှိသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

* – * – * – * – *





## ကလောမြို့နယ်၊ အောင်ပန်းမြို့တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီက သတင်းအရ သက်သေများနှင့်အတူ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ လှည်းရိုးရပ်ကွက်နေ နိုင်လင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၄င်းနှင့်အတူ ကျော်ဆွေဝင်းနှင့် ခင်နွယ်ဦးဆိုသူတို့အားတွေ့ရှိပြီး နေအိမ်အတွင်းမှ ဘိန်း စိမ်းအလေးချိန် ၄၄ ဒသမ ၄ ကီလို၊ လက်ကိုင်ဖုန်း သုံးလုံးနှင့် မော်တော်ဆိုင်ကယ် နှစ်စီးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် နိုင်လင်း(၄၃)နှစ်၊ ကျော်ဆွေဝင်း(၅၁)နှစ်နှင့် မခင်နွယ်ဦး(၂၂)နှစ်ဆိုသူတို့အား အောင်ပန်းနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃ ရက် နံနက် ၉နာရီက သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့နယ်၊ ပါကွေ့(အောက်)ကျေးရွာအနီးတွင် လမ်းလျှောက်လာသူပေါလို့ဆိုသူအား စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ပြားနှင့် လက်ကိုင်ဖုန်း ၁ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ပေါလို့ (၂၈)နှစ်ဆိုသူအား တာချီလိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနှင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

# ပညာနှင့် ပညာရှင်

**ပညာရှိ**

* ကျယ်မြင်နှံ့သိ၊ ပညာရှိ
လူအများတို့အားထား၏ ။

* မှန်ကန်တွေးသိ၊ ပညာရှိ
ကျိုးကြောင်းညီပါဘိ။

* ဆင်ခြင်တွေးသိ၊ ပညာရှိ
ဖြန့်ကြက်တွေးပါ၏ ။

**သန်းစိုးအောင်**

**(၁၅-၄-၂၀၁၅၊ ဗုဒ္ဓယဉ်ကျေးဂျာနယ်'ပညာရှိ' ကဗျာကောက်နုတ်ချက်)**

စာအုပ်၊ စာစောင်တွေစုဆောင်းဖတ်တဲ့အလေ့က သုတအဆင့်မျှသာ လို့ဆိုချင်ပါတယ်။ နှုတ်မှာရွရွ တတွတ်တွတ်နဲ့ ရွတ်ဆိုနိုင်တာလည်း သုတ(Recall Information) ပါပဲ။ အင်္ဂလိပ်၊ ဂျာမန်၊ တရုတ်၊ ပါဠိ စတဲ့ ဘာသာရပ်တွေကို ပြောနိုင်ရေးနိုင်တာကလည်း ပညာရှာဖို့လက်နက်(သို့မဟုတ်)ကိရိယာ(Tool for communication) တစ်ခုခုကိုရလိုက်တာပါပဲ။

ပညာရဖို့အတွက်ဆိုလျှင်၊ ဖတ်ပြီးတော့ တွေးရမယ်၊ ဆင်ခြင်ရပါမယ်။ (After reading, you must be thinking and reasoning) ပေါ့။

စာတွေ့အသိကို ကိုယ်တွေ့အသိနဲ့ ညှိနိုင်ရပါမယ်။ ကိုယ်တွေ့ဆိုတာ ကိုယ့်ဘဝတစ်လျှောက်ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံကိုဆိုလိုတာပါ။ ကိုယ်လိုက်စားတဲ့ပညာနဲ့ ပတ်သက်တဲ့အတွေ့အကြုံကလည်း ခုရေတွင်းတူး၊ ခုရေကြည်သောက်ဆိုသလို ချက်ချင်းမရနိုင်ပါ။ ကာလတစ်ခုနဲ့ ရင်းနှီးရပါတယ်။ ဒါကြောင့် အတွေ့အကြုံဟာ မြေအောက်မှာ အနှစ်နှစ် အလလကြာမှ ဖြစ်တည်လာတဲ့၊ တန်ဖိုးကြီးတဲ့၊ ကျောက်မျက်နဲ့တူတယ်။ လူတစ်ဦးချင်းစီရဲ့ အကောင်းဆုံးသော ဆရာတစ်ဆူလည်းဖြစ်တယ်။ ပညာနဲ့ အတွေ့အကြုံပေါင်းပြီး ဆင်ခြင်တဲ့အခါ၊ ဒါက မှန်တယ်၊ မှားတယ်၊ ကောင်းတယ်၊ ဆိုးတယ်ဆိုပြီး၊ ခွဲခြားနိုင်လာပြီဆိုလျှင် ပညာဖြစ်လာပါတယ်။

**စာအုပ်၊ စာစောင်တွေစုဆောင်းဖတ်တဲ့အလေ့က သုတအဆင့်မျှသာလို ဆိုချင်ပါတယ်။ နှုတ်မှာတတွတ်တွတ်နဲ့ ရွတ်ဆိုနိုင်တာလည်း သုတ(Recall Information)ပါပဲ။ အင်္ဂလိပ်၊ ဂျာမန်၊ တရုတ်၊ ပါဠိ စတဲ့ ဘာသာရပ်တွေကို ပြောနိုင်ရေးနိုင်တာကလည်း ပညာရှာဖို့ လက်နက်(သို့မဟုတ်)ကိရိယာ(Tool for communication)တစ်ခုခုကို ရလိုက်တာပါပဲ။**

**- ပညာရဖို့အတွက်ဆိုလျှင်၊ ဖတ်ပြီးတော့ တွေးရမယ်၊ ဆင်ခြင်ရပါမယ်။ (After reading, you must be thinking and reasoning)ပေါ့။**

### ပညာရှင်ဖြစ်ပြီလား

- ကျယ်ကျယ်ပြန့်ပြန့်သိသူ၊ နှံ့နှံ့စပ်စပ်သိသူ၊ လူအများတို့ အားကိုးအားထိုက်ပြုနိုင်သူကို ပညာရှင်လို့ ဆိုနိုင်ပါတယ်။
- မှန်မှန်ကန်ကန်တွေးနိုင်သူ။ အကျိုးအကြောင်း ညီညွတ်အောင် တွေးတောနိုင်သူကိုလည်း ပညာရှိလို့ ဆိုထိုက်ပါတယ်။
- ဆင်ခြင်ပြီးသိသူက (Reasoning Power) ရှိသူပါ။
- ဖြန့်ကြက်တွေးတောပြီး သိသူက(Thinking Power) ရှိသူပါ။
- ဒါကြောင့်ပညာရှာသူတို့အတွက် တွေးတတ်အောင်သင်ပေးတဲ့ပညာရေး(How to thinking education)ဟာ အရေးပါရခြင်း ဖြစ်ပါတယ်။
- မျက်မှောက်ကမ္ဘာကိုကြည့်လျှင်လည်းနိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စစ်ရေးစတဲ့နယ်ပယ်အားလုံးမှာ၊ အသိပညာ၊ နည်းပညာသာလွန်တဲ့နိုင်ငံများက ကမ္ဘာကြီးကို လွှမ်းမိုးချုပ်ကိုင်တာ ပါပဲ။

**- ဆင်ခြင်ပြီးသိသူက (Reasoning Power) ရှိသူပါ။**

**- ဖြန့်ကြက်တွေးတောပြီး သိသူက(Thinking Power)ရှိသူပါ။**

**- ဒါကြောင့် ပညာရှာသူတို့အတွက် တွေးတတ်အောင်သင်ပေးတဲ့ ပညာရေး(How to thinking education)ဟာ အရေးပါရခြင်း ဖြစ်ပါတယ်။**

- သည်သို့ဆိုလျှင် ပညာသည်သာလောကဤလူ့ရွာအတွက် အားကိုးထိုက်သူ၊ အဆွေခင်ပွန်းကောင်းဟုဆိုရမည်သာ။
- သည့်အတွက် ပညာရှိကို(ကိုးကွယ်၊ ဆည်းကပ်ရမှာ ဖြစ်ပါတယ်)

### လူတော်လူကောင်းပညာရှင်

လောကမှာအများဆုံးတွေ့ရတာက စရိုက်ဆိုးတဲ့တစ်ခြမ်းပဲ့ ပညာတတ်များဖြစ်ပါတယ်။ ရွှေလင်းယုန်အမည်ခံ ဂျာနယ်ကျော် ဦးချစ်အောင်ရဲ့ "သူ"ဝတ္ထုထဲက ဓာတ်ဆောင်ဆရာဝန် ကိုမြင့်မောင်လိုလူမျိုးကရှားမယ်ထင်ပါတယ်။ ပညာရှင်ဖြစ်ဖို့က အကောင်းနဲ့အဆိုး၊ အမှားနဲ့အမှန်၊ အမြဲသတိကပ် ဆင်ခြင်မယ်၊ မိမိလေ့လာလိုက်စားတဲ့ ပညာရပ်ကိုလည်း တစိုက် မတ်မတ် လေ့လာသုတေသနပြုဖို့လည်း လိုအပ်ပါတယ်။

- မိမိလိုက်စားတဲ့ပညာရပ်ဟာ၊ အများအကျိုးအတွက်၊ အသုံးချနိုင်တဲ့အဆင့်ကိုရောက်ပြီဆိုရင် ပညာရှင်ဖြစ်ပြီလို့ ဆိုနိုင်ပါတယ်။ ဒါကို အောက်ပါပုံဝတ္ထုနဲ့သာဓက ဆောင်လိုက်ပါတယ်။

**သည်သို့ဆိုလျှင် ပညာသည်သာလောကဤလူ့ရွာအတွက် အားကိုးထိုက်သူ၊ အဆွေခင်ပွန်းကောင်းဟုဆိုရမည်သာ။**

**- သည့်အတွက် ပညာရှိကို(ကိုးကွယ်၊ ဆည်းကပ်ရမှာ ဖြစ်ပါတယ်)**

### ပျောက်ဆုံးသွားသောသမင်

ရှေးသရောအခါသက်္ကသနဂိုရ်ပြည်မှ သူဌေးသားတစ်ယောက်နှင့် ပုဏ္ဏားသားတစ်ယောက်တို့သည် တက္ကသိုလ်ပြည်သို့အဋ္ဌရသ ပညာများသင်ကြားရန်သွားကြ၏။ တိုင်းပြည်နှစ်ခုအကြား လမ်းခရီးတစ်နေရာရှိ ဇရပ်တစ်ခုတွင်နားခိုနေစဉ်၊ မင်း၏ဥယျာဉ်မှ သမင်တစ်ကောင်ပျောက်ဆုံးသွားသဖြင့် သမင်ပျောက်ရှာသော မင်းချင်းတို့သည် ထိုဇရပ်အနီးသို့ရောက်လာကြ၏။ ထိုအခါ စူးစမ်းလိုသော လူငယ်တို့၏ ဝါသနာအတိုင်း၊ သူဌေးသားနှင့် ပုဏ္ဏားသားတို့သည် ဇရပ်ဝန်းကျင်အနီးရှိတောစပ်ကို လှည့်လည်ကြည့်ရှုပြီးနောက် အောက်ပါအတိုင်းစကားဆိုကြ၏။

**သူဌေးသား ။** "ဤသမင်၏ခြေရာသည် ကိုယ်ဝန်ဆောင်ထားသောသမင်၏ခြေရာဖြစ်ရမည်" ထိုအခါပုဏ္ဏားသားက

**ပုဏ္ဏားသား ။** "ဤသမင်ခြေရာသည်လက်ယာ မျက်စိကန်းသောသမင်၏ခြေရာ" ဟု ဆိုသည်။

ထိုသူနှစ်ယောက်တို့ဆိုသောစကားကို သမင်ပျောက်ရှာသော မင်းချင်းတို့ကြားလေသော်၊ ပျောက်သွားသောမင်း၏ သမင်နှင့် ထိုသူတို့ဆိုသော် စကားညီသောကြောင့် ဤသူတို့များ မင်း၏သမင်ကို ခိုးသော၊ သမင်ခိုးများဖြစ်ပေလိမ့်မည်"ဟုယူဆကာ ဖမ်းဆီး၍ မင်းထံ ဆက်သလေ၏။

မင်းကြီးသည် ဖမ်းဆီးလာသူနှစ်ဦးကို အောက်ပါအတိုင်းစစ်မေးလေ၏။

**မင်းကြီး ။** "မောင်မင်းတို့နှစ်ယောက်သမင်ခိုးများမဟုတ်လော"

**သူဌေးသား ။** "မဟုတ်ပါ။ သမင်၏ခြေရာကိုမြင်တွေ့၍ သိသောကြောင့် ကျွန်ုပ်ဆိုသည်"ဟုလျှောက်၏။

**မင်းကြီး ။** "အဘယ်ကြောင့်နှင့် ကိုယ်ဝန်ဆောင်သောသမင်၏ခြေရာဟု ဆိုရသနည်း"။

**သူဌေးသား ။** "နောက်ခြေနှစ်ဖက်အရာသည် မြေ၌ နစ်ဝင်သည်ကိုမြင်သောကြောင့် သိပါသည်။

**မင်းကြီး ။** "အဘယ့်ကြောင့် လက်ယာမျက်စိကန်းသည်ဟု ဆိုရသနည်း"။

**ပုဏ္ဏားသား ။** "လက်ဝဲဘက်ကမြက်ကိုသာစားရာရှိသောကြောင့် သိရပါသည်။

ထိုသို့စစ်မေးနေစဉ်မင်းချင်းတို့သည် ပျောက်သောသမင်ကို ရကြောင်း လျှောက်တင်လာ၏။ ထိုအခါ မင်းကြီးလည်းမသင်္ကာခြင်းပျောက်၍ ဤသူတို့ကား ပညာရှိပေ၏ဟု ပူဇော်ပသမှုပြု၍ လွှတ်လိုက်လေသည်။ သူဌေးသားနှင့် ပုဏ္ဏားသားတို့သည် ပညာသင်ရန် တက္ကသိုလ်ပြည်သို့ ခရီးဆက်ကြလေသည်။

**သန်းစိုးအောင်**

## တောမီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာသိကောင်းစရာများ အသိပညာပေးဟောပြောပွဲ ကျင်းပ

**အထက်မင်းလှ ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ တောမီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူခိုးငွေ့ညစ်ညမ်းမှုဆိုင်ရာသိကောင်းစရာများ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၁၁ နာရီခွဲ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးလင်းက ပွင့်လင်းရာသီရောက်ရှိပြီဖြစ်၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရန်၊ တောမီးလောင်ကျွမ်းမှုမဖြစ်ပေါ်စေရေး ဂရုပြုဆောင်ရွက်ရန်၊ တောမီးလောင်ကျွမ်းမှုနှင့်မြူခိုးငွေ့ညစ်ညမ်းမှုဆိုင်ရာ အကြောင်းအရာများအား အသိပညာပေးဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါတောမီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူခိုးငွေ့ညစ်ညမ်းမှုဆိုင်ရာသိကောင်းစရာများ အသိပညာပေးဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ယာပုံ)**

**စာစာ(အထက်မင်းလှ)**





# နိုင်ငံတကာ အားကစား သတင်းများ

## အန်တိုနင်ကင်စကီးအား စပါးအသင်း ခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၆**

စပါးအသင်းသည် ဆလားဗီးယားပရပ်ဂ်အသင်း ဂိုးသမား အန်တိုနင်ကင်စကီးအား ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၂ ဒသမ ၅သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ဂိုးသမား ဆလာဗီးယားပရပ်ဂ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၉ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြထားသလို အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ်လည်း သတ်မှတ်ခြင်းခံထားရသောကြောင့် စပါးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



စပါးအသင်းထုတ်ပြန်ချက်တွင် "အန်တိုနင်ကင်စကီးအား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုတွေ ရရှိအောင် စွမ်းဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ **(ဝဲပုံ) (NGB)**



## ပြင်သစ်စူပါဖလား ချန်ပီယံဆုအား ပီအက်စ်ဂျီအသင်း ဆွတ်ခူး

**ပါရီ ဇန်နဝါရီ ၆**

ပြင်သစ်စူပါဖလား ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပီအက်စ်ဂျီအသင်းနှင့် မိုနာကိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပီအက်စ်ဂျီအသင်းက မိုနာကိုအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ဆွတ်ခူးခဲ့သည်။

ပီအက်စ်ဂျီအသင်းအတွက် အဖိုးတန်သွင်းဂိုးတစ်ဂိုးကို ပွဲချိန် (၉၀+၂)မိနစ်တွင် ဒမ်ဘီလီက သွင်းယူပေးခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ပြင်သစ်စူပါဖလား ချန်ပီယံဆုကို (၁၃)ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းလည်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းထုတ်ပြန်ချက်တွင် "ပြင်သစ်စူပါဖလား ချန်ပီယံဆုအား ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအတွက် အကောင်းဆုံး စွမ်းဆောင်ပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ) (NGB)**

## အွန်နရီ၏ ပရီးမီးယားလိဂ်သွင်းဂိုးအရေအတွက်အား ဆာလာလိုက်မီ

**လီဗာပူး ဇန်နဝါရီ ၆**



လီဗာပူးအသင်းတိုက်စစ်မှူး ဆာလာသည် ပရီးမီးယားလိဂ်သွင်းဂိုး (၁၇၅ဂိုး)ထိရှိလာခဲ့ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက်ဂိုးသွင်းအများဆုံး အဆင့် (၇)နေရာတွင် ရပ်တည်နေခဲ့သည့် အာဆင်နယ်အသင်း ဂန္ထဝင်ကစားသမားဟောင်း အွန်နရီ၏ သွင်းဂိုး အရေအတွက်အား လိုက်မီနိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက မန်ချက်စတာယူနိုက်တက်အသင်းနှင့် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးတစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

ထို့ပြင် တိုက်စစ်မှူးဆာလာသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇၆ ပွဲကစားကာ ၂၃၂ဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဆာလာက "ကျွန်တော် အခုလို အွန်နရီ၏ သွင်းဂိုးအရေအတွက်အား လိုက်မီခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေနဲ့ အသင်းအောင်မြင်မှုများ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ပုံ) (NGB)**

## ဘင်ဂေါ့ဖရေးအား အစ်ဆွစ်ချ်အသင်း အငှားဖြင့် ခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၆**

ပရီးမီးယားလိဂ်ကလပ် အစ်ဆွစ်ချ်အသင်းသည် အက်စတွန်ဗီလာအသင်း နောက်ခံကစားသမား ဘင်ဂေါ့ဖရေးအား ရာသီဝက် အငှားဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၅ပွဲသာ ကစားထားရပြီး ပုံမှန်ပွဲထွက်ခွင့်နည်းပါးခြင်းကြောင့် ပွဲထွက်ခွင့်သေချာစေမည့် အစ်ဆွစ်ချ်အသင်းသို့ အငှားဖြင့် ပြောင်းရွှေ့လာခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဘင်ဂေါ့ဖရေးက "ကျွန်တော် အစ်ဆွစ်ချ်အသင်းသို့ အငှားဖြင့် ရောက်ရှိလာခဲ့ပါပြီ။ ကျွန်တော်ကို နွေးနွေးထွေးထွေး ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ အစ်ဆွစ်ချ်အသင်းကို ရလဒ်ကောင်းတွေ ရရှိအောင်လည်း အစွမ်းကုန်ပေးဆပ်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အောက်ပုံ) (NGB)**



## နည်းပြ နီကိုးလက်စ်ဆယ်ဘယ်အား နည်းပြရာထူးမှ ကိန်းအသင်းထုတ်ပယ်

**လန်ဒန် ဇန်နဝါရီ ၆**

ပြင်သစ်လီဂူး (၂)ကလပ် ကိန်းအသင်းသည် အသင်းနည်းပြ နီကိုးလက်စ်ဆယ်ဘယ်အား ရာထူးမှ ထုတ်ပယ်လိုက်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ကိန်းအသင်းသည် ပြင်သစ်လီဂူး(၂)တွင် ပွဲစဉ် ၁၇ပွဲကစားပြီး ၁၅မှတ်သာရရှိသေးကာ အဆင့် ၁၆နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ နီကိုးလက်စ်ဆယ်ဘယ်အား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။**(အောက်ပုံ)**

ကိန်းအသင်းထုတ်ပြန်ချက်တွင် "နည်းပြ နီကိုးလက်စ်ဆယ်ဘယ်အား နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးအမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(NGB)**





## အလန်ရှီးယား၏ (၇)ပွဲဆက် ဂိုးသွင်းနိုင်သည့် စံချိန်အား အီဆက်ခ်လိုက်မီနိုင်ခဲ့

**လန်ဒန် ဇန်နဝါရီ ၆**

နယူးကာဆယ်အသင်း တိုက်စစ်မှူး အီဆက်ခ်သည် အသင်းဂန္ထဝင်တိုက်စစ်မှူး အလန်ရှီးယား၏ ပရီးမီးယားလိဂ် (၇)ပွဲဆက် ဂိုးသွင်းယူနိုင်သည့် စံချိန်အား လိုက်မီနိုင်ခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် နယူးကာဆယ်အသင်းက စပါးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အီဆက်ခ်သည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၈ ပွဲ ကစားပြီး ၄၉ဂိုး သွင်းယူကာ ခြေစွမ်းလည်း ပြထားသည်။

ထို့ကြောင့် အီဆက်ခ်အနေဖြင့် လာမည့် ဇန်နဝါရီ ၁၆ရက်တွင် ကစားမည့် ဝုဖ်အသင်းနှင့် ပွဲစဉ်တွင် ဂိုးထပ်မံသွင်းယူပြီး အလန်ရှီးယား၏ စံချိန်အား ကျော်ဖြတ်သွားမည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## 2024 Bank of China Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား Alexandre Muller ဆွတ်ခူး

**လန်ဒန် ဇန်နဝါရီ ၆**

တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် ဒီဇင်ဘာ ၂၈ရက်က စတင်ကျင်းပလျက်ရှိသော 2024 Bank of China Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပြင်သစ်တင်းနစ်ကစားသမား Alexandre Muller က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Alexandre Muller သည် 2024 Bank of China Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဂျပန်တင်းနစ်ကစားသမား Kei Nishikori အား ၂-၆၊ ၆-၁၊ ၆-၃ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ Alexandre Muller က "ကျွန်တော်အခုလို 2024 Bank of China Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့ နိုင်ငံအတွက် ဆက်လက်ဂုဏ်ဆောင်နိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အောက်ပုံ) (NGB)**



### အင်္ဂလိပ် ကာရာဘောင်း လိဂ်ဖလား ဘောလုံးပြိုင်ပွဲ (ဆီမီးဖိုင်နယ်)(ပ-ကျော့)ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် | အမှတ်ပေးပွဲ၌ အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၈-၁-၂၀၂၅ | အာဆင်နယ် - နယူးကာဆယ် | နယူးကာဆယ် ၁-၀ အာဆင်နယ် | အာဆင်နယ်(အိမ်) | ၉ | ၆ | ၃ | - | ၁၈ | ၆ |
| နံနက်၀၂း၃၀နာရီ | (ပရီးမီးယား-၂) (ပရီးမီးယား-၅) | (၂-၁၁-၂၀၂၄ ပရီးမီးယား) | နယူးကာဆယ်(ဧည့်) | ၁၁ | ၅ | ၃ | ၃ | ၁၉ | ၁၄ |

### စပိန်ဘုရင့်ဖလား ဘောလုံးပြိုင်ပွဲ (၃၂-သင်း အဆင့်) ပွဲစဉ်ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် | အမှတ်ပေးပွဲ၌ အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၈-၁-၂၀၂၅ | အယ်လ်ဒန်ဆီ - ဗလင်စီယာ | - | အယ်လ်ဒန်ဆီ(အိမ်) | ၁၀ | ၄ | ၃ | ၃ | ၁၃ | ၁၁ |
| နံနက်၀၂း၃၀နာရီ | (ဆီဂန်ဒါဒီဗေးရှင်း-၁၉) (လာလီဂါ-၁၉) | | ဗလင်စီယာ(ဧည့်) | ၉ | - | ၃ | ၆ | ၄ | ၁၅ |

# ခရိုင်ချင်းဆက်လမ်းမှ လမ်းပိုင်း(၆)နေရာအား လမ်းတိုးချဲ့ခင်းခြင်းနှင့် ကတ္တရာထပ်ပိုးလွှာများ ခင်းပေး

**ကျောက်ဆည် ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်လမ်းဦးစီးဌာနမှ မြို့ပြနှင့်ကျေးလက်ကွာဟမှုမရှိစေရေး လမ်း၊ တံတားများအသစ်တည်ဆောက်ပေးခြင်း၊ ပြန်လည်ပြုပြင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဒေသအတွင်းနှင့် အခြားဒေသထွက်ကုန်များ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေး အမှတ်(၂) ခရိုင်ချင်းဆက်လမ်းမှ လမ်းပိုင်း(၆)နေရာအား လမ်းတိုးချဲ့ခင်းခြင်းနှင့် ကတ္တရာထပ်ပိုးလွှာများခင်းပေးခဲ့သည်။

ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ငွေလုံး၊ ငွေရင်း ခွင့်ပြုရန်ပုံငွေများဖြင့် အမှတ်(၂) ခရိုင်ချင်းဆက်လမ်း၏ မိုင်တိုင်အမှတ်(၄၈)ကီလိုမီတာမှ (၄၉ ဒသမ ၄၅)ကီလိုမီတာအတွင်းရှိ အရှည်(၁ ဒသမ ၄၅)ကီလိုမီတာ၊ အကျယ်(၃ ဒသမ ၆၆)မီတာအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မိုင်တိုင်အမှတ်(၇၁ ဒသမ ၆)ကီလိုမီတာမှ (၇၃)ကီလိုမီတာအတွင်းရှိ အရှည်(၁ ဒသမ ၄)ကီလိုမီတာ၊ အကျယ်(၃ ဒသမ ၆၆)မီတာအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မိုင်တိုင်အမှတ် (၇၃)ကီလိုမီတာမှ (၇၄ ဒသမ ၀၂၉)ကီလိုမီတာအတွင်းရှိ အရှည်(၁ ဒသမ ၀၂၉) ကီလိုမီတာ၊ အကျယ်(၃ ဒသမ ၆၆)မီတာအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မိုင်တိုင်အမှတ် (၅၀ ဒသမ ၂)ကီလိုမီတာမှ (၅၁) ကီလိုမီတာအတွင်းရှိ အရှည်(၀ ဒသမ ၄)ကီလိုမီတာ၊ အကျယ်(၇ ဒသမ ၃၁)မီတာအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မိုင်တိုင်အမှတ်(၄၆)ကီလိုမီတာမှ (၄၇) ကီလိုမီတာအတွင်းရှိ အရှည်(၁) ကီလိုမီတာ၊ အကျယ်(၃ ဒသမ ၆၆)မီတာမှ (၅ ဒသမ၅)မီတာ လမ်းတိုးချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မိုင်တိုင်အမှတ်(၇၀ ဒသမ ၂)ကီလိုမီတာမှ (၇၁ ဒသမ ၆)ကီလိုမီတာအတွင်းရှိ အရှည်(၁ ဒသမ ၄)ကီလိုမီတာ၊ အကျယ်(၃ ဒသမ ၆၆)မီတာအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ သိရသည်။



ကျောက်ဆည်မြို့နယ် လမ်းဦးစီးဌာနအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်အတွက် လမ်းများ၊ တံတားများ၊ လူနေထိုင်ရာ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အချိန်ကုန်သက်သာပြီး ကုန်ကျမှုစရိတ်သက်သာစေရန်နှင့် ဒေသထွက်ကုန်များနှင့် အခြားလူသုံးကုန်ပစ္စည်းများ သယ်ယူရာတွင် အချိန်တိုအတွင်း လွယ်ကူမြန်ဆန်စွာသယ်ယူနိုင်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘဏ္ဍာနှစ်အလိုက် လိုအပ်သည့်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(ခရိုင်/ပြန်ဆက်-ကျောက်ဆည်)



# မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၆၇၀၃၄ ဧကထိ ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၆၇၀၃၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၉၉၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ဒေသခံတောင်သူများက ယခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၆၇၀၃၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် စပါး ၈၈ ဒသမ ၂၃ တင်း ထွက်ရှိသည်။

"ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စပါး ၆၉၉၉၉ ဧကထိ လျာထားစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာ စိုက်ပျိုးထားတဲ့ စပါးခင်းတွေကို ဒေသခံတောင်သူတွေက လှိုင်လှိုင်ရိတ်သိမ်းနေကြပါတယ်။ ဒီနေ့ထိ စပါး ၆၇၀၃၄ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စပါးအထွက်နှုန်းအနေနဲ့ တစ်ဧကကို ၈၈ ဒသမ ၂၃ တင်း ထွက်ရှိပါတယ်။ စပါးစိုက်ခင်းများ ရိတ်သိမ်းခြွေလှေ့ခြင်းနဲ့ ပတ်သက်ပြီး အထွက်နှုန်းတွေ မလျော့အောင်၊ အရည်အသွေးကောင်းအောင် အချိန်မီရိတ်သိမ်းခြွေလှေ့ကြဖို့၊ ရိတ်သိမ်းပြီးတဲ့ စပါးတွေကိုလည်း အမိုးအကာအောက်သို့ အချိန်မီ စနစ်တကျ သိုလှောင်ထိန်းသိမ်းနိုင်ကြဖို့ တောင်သူကို ကွင်းဆင်းအသိပညာပေးတာတွေ ဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် တစ်မြို့နယ်လုံး စပါး ၆၉၉၄၄ ဧက စိုက်ပျိုးရန်လျာထားပြီး မြေပြင်စိုက်ပျိုးနိုင်မှု ၆၉၉၉၉ ဧက စိုက်ပျိုးပြီးစီးခဲ့သဖြင့် လျာထားစိုက်ဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စပါးစိုက်တောင်သူများကို အထွက်နှုန်းတိုးပွားရေးနှင့် သီးနှံအရည်အသွေးကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ စပါးရိတ်သိမ်းချိန်၌ သီးနှံများပျက်စီးဆုံးရှုံးမှု မရှိစေရေး ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး စသည့် တောင်သူပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (အပေါ်ပုံ)(၄၄၅)

# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာယနေ့ နံနက် ၇ နာရီက မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၃၆လမ်းနှင့် ၆၉လမ်းထောင့်၊ စည်ပင်ဝန်ထမ်းအိမ်ရာအနီးတွင် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဇန်နဝါရီ ၇ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ ၅၇လမ်း၊ ၁၁၃လမ်းနှင့် ၁၁၃(A)လမ်းကြားတွင်လည်းကောင်း၊ ဇန်နဝါရီ ၈ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားတွင်လည်းကောင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)



# မီးသတ်ယာဉ်နှင့်စက်များ ကြံ့ခိုင်မှုကြည့်ရှုစစ်ဆေး

**မန္တလေး ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းသည် ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင်မီးသတ်စခန်းသို့သွားရောက်၍ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၏ရည်မှန်းချက်တာဝန်များကို အကောင်းမွန်ဆုံးဖော်ဆောင်ဆောင်ရွက်ရန် မှာကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ တပ်ဖွဲ့ဝင်များ၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်မီးသတ်စခန်းများရှိ မီးသတ်ယာဉ်နှင့် စက်များကြံ့ခိုင်မှု၊ ဝန်ထမ်းနေအိမ်လိုင်းခန်းများ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးခဲ့သည်။ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူးသည် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား မုန့်ဖိုးများပေးဝေခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)(၀၄၅)

## စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



**တောင်ကြီး ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်တွင် သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက နောင်ကားကျေးရွာအုပ်စု၊ ဖောင်မှူးကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများ၊ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ကျေးလက်ရေရရှိရေးလုပ်ငန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ တွင်းနက် ၁၇ ခု၊ စိမ့်စမ်း ၆၃ ခု၊ ပိုက်လိုင်းသွယ်တန်းခြင်း ၃ ခု၊ အခြား ၇၀ ခု၊ စုစုပေါင်း ၁၅၇ ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဖောင်မှူးကျေးရွာအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ဆိုလာမြှင့်တင်စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး ကျေးရွာသူ၊ ကျေးရွာသားများမှလည်း ရေရှည်သုံးစွဲ၍ ရအောင်ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးထားသည့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းသည် ကျေးရွာနေပြည်သူများအတွက် သောက်ရေအတွက်သော်လည်းကောင်း၊ သုံးရေအတွက်သော်လည်းကောင်း မရှိမဖြစ် လိုအပ်သည့်အရာဖြစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများသည် ကျေးလက်နေပြည်သူများ အဓိကအခန်းကဏ္ဍကနေပါဝင်နေသည့်အတွက် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖြင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သဇင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းနှင့် တာဝန်ရှိသူများမှ နောင်ကားကျေးရွာအုပ်စု၊ ဖောင်မှူးကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ဆိုလာမြှင့်တင်စနစ်ဖြင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို အမွေးနံ့သာရည်များ ပက်ဖျန်းပြီး လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(ယာပုံ)

မြို့နယ်(ပြန်/ဆက်)

## ဘီလီယက်၊ စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

**ပင်းတယ ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ပေါ်ဈေးတန်းရပ်ကွက် "CHAMBIUM" ဘီလီယက်ခုံ၌ ၂၀၂၄ ခု ဒီဇင်ဘာ ၂၀ရက်မှ ယနေ့ ၂၀၂၅ ခု ဇန်နဝါရီ ၄ရက်အထိ ပြုလုပ်ကျင်းပသော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဗိုလ်လုပွဲများနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အငယ်တန်းအဆင့် ဘီလီယက်၊ စနူကာပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် မောင်ရဲရဲနှင့် မောင်ဒေးဗစ်ချမ်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မောင်ဒေးဗစ်ချမ်းက ၃ပွဲနိုင် ၁ပွဲရှုံး ရလဒ်ဖြင့်အနိုင်ရရှိခဲ့ပြီး အကြီးတန်း နောက်ဆုံးဗိုလ်လုပွဲအဖြစ် မောင်မောင်ဝင်းထွေးနှင့် မောင်ပိုက်ပိုက်တို့က ယှဉ်ပြိုင်ကစားခဲ့ကြရာ မောင်ပိုက်ပိုက်က ၃ပွဲနိုင် တစ်ပွဲရှုံးရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။



ဆက်လက်၍ ဆုပေးပွဲ အခမ်းအနားအား ကျင်းပပေးရာ ဘီလီယက်၊ စနူကာပြိုင်ပွဲ စည်းကြပ်ဒိုင် ၁၀ဦးနှင့် အငယ်တန်းအဆင့်နှင့် အကြီးတန်းအဆင့်ပြိုင်ပွဲ တတိယဆုရရှိသည့် ကိုကေခန့် အငယ်တန်းအဆင့် ဒုတိယဆုရရှိသည့် မောင်ရဲရဲ အငယ်တန်းအဆင့် ပထမချန်ပီယံဆုရရှိသည့် မောင်ဒေးဗစ်ချမ်းတို့အား ပွဲတော်ကျင်းပရေးကော်မတီ ဦးသီဟစိုး (ခ)ဦးတုတ်ဖြိုးနှင့် ကြီးကြပ်ဒိုင်အဖွဲ့ဝင်များက ဆုတံဆိပ်၊ ဆုဖလား၊ ဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး အကြီးတန်းအဆင့် နောက်ဆုံးဗိုလ်လုပွဲတွင် ဒုတိယဆုဖလား၊ ဆုတော်ငွေနှင့် အမှတ်ပေး ထူးချွန်ဆုငွေနှစ်ဆု ရရှိခဲ့သည့် မောင်မောင်ဝင်းထွေးအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နောင်က ပေးအပ်ချီးမြှင့်ခဲ့၍ အကြီးတန်း ပထမချန်ပီယံဆုရရှိသည့် မောင်ပိုက်ပိုက်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထိန်လင်းအောင်က ပထမဆုလည်ဆွဲ ဆွဲပေးခြင်း၊ ချန်ပီယံဆုဖလားနှင့် ဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၃၃၈)

## ပြည်တွင်းဆီစက်များ ဈေးရောင်းပွဲတော် ကျင်းပ

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ်ရုံးရှေ့တွင် ပြည်တွင်းဆီစက်များဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၄ရက်မှ ၆ရက်အထိ ရောင်းချနေရာ ပထမနေ့တွင် မြေပဲဆီ၊ နှမ်းဆီနဲ့ နေကြာဆီ စုစုပေါင်း ပိဿာချိန် သုံးသောင်း ရောင်းချခဲ့ရတယ်လို့ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းရဲ့ ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ပြောသည်။



ယခုနှစ်မှာ ပြည်ပကနေ စားသုံးဆီတင်သွင်းမှုလျှော့ချနိုင်ရေး၊ စားသုံးသူတွေက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ မြေပဲဆီ၊ နှမ်းဆီနေကြာဆီကို ပိုမိုစားသုံးနိုင်ရေးနဲ့ ပြည်တွင်းဆီဖူလုံမှုကို ပြသချင်တာကြောင့် ဈေးရောင်းပွဲတော်တွေကို လစဉ်ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းက ကြီးမှူးပြီး မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ်ရုံးရှေ့မှာ ဇန်နဝါရီ ၄ ရက်ကနေ ဇန်နဝါရီ ၆ရက်အထိ သက်သာတဲ့နှုန်းထားဖြင့် မြေပဲဆီ၊ နှမ်းဆီနှင့် နေကြာဆီတွေကို ရောင်းချပေးလျက်ရှိသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် မြေပဲဆီ တစ်ပိဿာ ငွေကျပ် ၁၇၀၀၀၊ နေကြာဆီ တစ်ပိဿာ ငွေကျပ် ၂၀၀၀၀နှင့် နှမ်းဆီ တစ်ပိဿာ ငွေကျပ် ၁၈၀၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ယင်းဆီအရောင်းပွဲတော်မှာ မြေပဲဆီအများဆုံးရောင်းချရပြီး နေကြာဆီနှင့် နှမ်းဆီကိုတော့ ဝယ်လိုအားနည်းသည်။

လက်ရှိမှာ မြေပဲဆီကြိတ်တဲ့ မြေပဲဆန်တစ်ပိဿာက ငွေကျပ် ၈၃၀၀ ကနေ ငွေကျပ် ၉၀၀၀ ဈေးတန်းရှိပြီး ဆီကြိတ်နှမ်းညို တစ်တင်းက ငွေကျပ် တစ်သိန်းဝန်းကျင်နှင့် နေကြာ တစ်ပိဿာက ငွေကျပ် ၇၀၀၀ ကျော် ပေါက်ဈေးရှိနေသည်။

ပြည်တွင်းကထုတ်လုပ်သည့် နေကြာဆီကို ဆီထုတ်လုပ်သူတွေက စားသုံးမှုထက်ပိုလျှံမှသာ ဈေးကွက်ထဲကို ထုတ်ရောင်းချခြင်း ဖြစ်သည်။

ပြည်တွင်းမှာ ကျေးလက်ဒေသက ဆီစက်တွေအပါအဝင် မှတ်ပုံတင်ထားသည့် ဆီစက် ၇၀ ရာခိုင်နှုန်းလောက် လည်ပတ်နေခြင်း ဖြစ်သည်။

လက်ရှိမှာ ပြည်တွင်းဆီစက်များမှ စားသုံးဆီတန်ချိန် ခြောက်သောင်းခန့် ထုတ်လုပ်နေပြီး ပြည်တွင်းမှာ စားသုံးဆီလိုအပ်ချက်က တစ်လကို တန်ချိန် တစ်သိန်းခန့်ရှိသောကြောင့် ပြည်ပကနေ လစဉ်စားအုန်းဆီ တန်ချိန် ၅သောင်းဝန်းကျင် တင်သွင်းနေရကြောင်း သိရသည်။

**ရွှေမန်း**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း အပြောင်းအလဲမရှိ ဆက်လက်တည်ငြိမ်နေ

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်မှာ တစ်ပိဿာ ငွေကျပ် ၇၂၈၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်းအပြောင်းလဲမရှိ ရည်ညွှန်းဈေးတည်ငြိမ်လျက်ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

**(မန္တလေးနေ့စဉ်-၅)**

* - * - * - * - *

ဝတ္ထုတိုကဏ္ဍ

# တံလျှပ်ကို ရေထင်

ချမ်းမြေ့မိုး(မန္တလေး)



အရင်တုန်းက ကျွန်တော့်မှာ သူငယ်ချင်းတစ်ယောက် ရှိခဲ့ဖူးပါတယ်။ ကျွန်တော့်မှာ သူငယ်ချင်းတွေ များစွာရှိနေပေမယ့်လည်း သူကထူးခြားသူ။ တစ်နည်းပြောရင် သူကအများအတွက် အကျိုးရှိမယ်ထင်လို့ သူ့အကြောင်းကိုပဲရွေးပြီး ပြောခြင်းဖြစ်ပါတယ်။

ပြောရရင် သူက ချမ်းသာသူပါ။ (၂၅ပေ)(ပေ၅၀)ရှိတဲ့ မြေကွက်ပေါ်မှာ(RC)နှစ်ထပ်တိုက်ဆောက်ပြီး နေနိုင်သူပါ။ သူ့မှာကားရှိတယ်။ သူ့မိန်းမနဲ့ သူ့သမီးမှာလည်း ရွှေတွေညွတ်နေအောင် ဆင်ထားနိုင်တဲ့အပြင် အပိုတွေလည်းရှိနေပါသေးတယ်။ ပြောရရင်သူ့မှာ ရွှေအပြည့်၊ ငွေအပြည့်၊ ဆီအပြည့်၊ ဆန်အပြည့် စားစရာဝတ်စရာ အပြည့်ပြည့်လျှံအောင်နေနိုင်သူလည်း ဖြစ်ပါတယ်။ သူ့ဘဝမှာတောင့်တစရာ၊ ကြောင့်ကြစရာမရှိအောင်ကို ပြည့်စုံစွာနေထိုင်နိုင်သူပါ။ ဒီလိုအဘက်ဘက်က ပြည့်စုံသူတစ်ယောက် ဆင်းရဲမွဲတေပြီး လမ်းပေါ်ရောက်သွားပြီး လျှောက်သွားနေတယ်လို့ ပြောရင် ယုံကြည်ပါ့မလား၊ ပုံပြင်လို့များထင်နေကြမလား တကယ်အမှန်ပါ။ ပုံပြင်မဟုတ်ပါ။ ကျွန်တော့်သူငယ်ချင်း ဘဝပျက်ပြီး အခြေမဲ့အနေမဲ့ဖြစ်သွားတာပါ။ သူအခုလို ဘာလို့ဖြစ်သွားသလဲဆိုရင် အစားမတော်တစ်လုတ်၊ အသွားမတော်တစ်လှမ်းဆိုသလိုမျိုး မသွားသင့်လမ်းဆုံ မှားလျှောက်လိုက်မိတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ သူ့အဖြစ်က ဒီလိုပါ။

ကျွန်တော့်သူငယ်ချင်းက ကျောက်စိမ်းအရောင်းအဝယ်လုပ်သူတစ်ဦးပါ။ ပထမတော့ သူ့သူငယ်ချင်းဆီက ပညာသင်ရတယ်လို့ ပြောပါတယ်။ နည်းနည်းလေးကြည့်တတ် ရှုတတ်လာတဲ့အချိန်မှာ သူ့သူငယ်ချင်းနဲ့တွဲပြီး ပွဲစားလေးဘာလေး စတင်လုပ်တာပါ။ တစ်ဖက်ကလည်း သွေးပြီးသားကျောက်လေးတွေ ဝယ်လိုက်ရောင်းလိုက် အမြတ်ရလိုက်ပေါ့။ သူကရည်မှန်းချက်ကြီးသူဆိုတော့ ရသမျှငွေလေးတွေကို ကျစ်ကျစ်ပါအောင်စုဆောင်းပြီး သင့်တော်မယ့်ပစ္စည်းမျိုးတွေ့ရင် ဝယ်ပြီးဖြတ်၊ သွေး၊ ရောင်းတွေပါ လုပ်လာနိုင်ပါတယ်။ နောက်တော့ သူဟာ ပါရမီလည်းပါလာပုံရပါတယ်။ ငွေကြေးစုဆောင်းမိတဲ့အခါ ကျောက်စိမ်းအရိုင်းတုံးတွေကိုဝယ်ပြီး ခွဲ၊ ဖြတ်ရောင်းတဲ့အဆင့်ရောက်သွားဆိုပဲ။ အဲ့ဒါကတော့ စွန့်စားရတဲ့အလုပ်ပါ။ သူဌေးဖြစ်နိုင်သလို ပေးဆပ်ရတာကလည်းများတတ်ပါတယ်။

ဘာလို့လဲဆိုရင် ကျောက်စိမ်းဟာ လျှို့ဝှက်ချက်များတယ်။ မာယာပရိယာယ်တွေပေါကြွယ်ဝလို့ပါ။ စိန်ကဲရွှေကဲခတ်ရတာ မလွယ်ကူသလို၊ ကျောက်စိမ်းကိုအကဲခတ်၊ အကဲဖြတ်ရတာလည်း ခက်ခဲလှပါတယ်။ အပေါ်ယံအခွံရဲ့ အနေအထား၊ အရောင်အဆင်း၊ ကျောက်သက်တမ်းတွေကိုကြည့်ပြီး အထဲကအခြေအနေကို ခန့်မှန်းရတဲ့အလုပ်ပါ။ အခွံပေါ်က ကွပ်ချက်(ပြချက်) ကောင်းပေမဲ့ လှပေမဲ့ ခွဲကြည့်လိုက်တဲ့အခါ အထင်နဲ့အမြင် လွဲမှား တာတွေရှိသလို အမြင်မလှပေမယ့် အထဲမှာ အရည်အသွေးအပြည့်ပါတာတွေကိုလည်း တွေ့ရတတ်ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော့်သူငယ်ချင်းကတော့ ကျောက်ကံပါတယ်ပဲ ပြောရမလားပဲ။ သူခွဲသမျှ၊ ဖြတ်သမျှပစ္စည်းတိုင်းလိုလို ပွင့်တာ အောင်တာများခဲ့ပါတယ်။ ဒါကြောင့် သူဟာ အချိန်တိုတိုအတွင်းမှာပဲ ကျောက်လောကထဲမှာ နာမည်ကျော်ကြားလူသိများတဲ့သူ ဖြစ်သွားပါတယ်။ သူ့ဘဝလည်း တစ်ဟုန်ထိုးတိုးတက်ပြောင်းလဲစေခဲ့ပါတယ်။ မြေကွက်ဝယ်၊ တိုက်ဆောက်၊ ရွှေထည်ပစ္စည်းတွေနဲ့ ကားပါဝယ်စီးနိုင်ခဲ့ပါတယ်။ သူကလုပ်ငန်းအပေါ် လေးစားမှု၊ ကတိတည်ကြည်မှု၊ ပစ္စည်းမှန်ကန်မှု၊ ငွေကြေး ကိစ္စယုံကြည်စိတ်ချရမှုတွေကြောင့် သူတို့လောကမှာ နာမည်ကောင်းတစ်လုံးလည်း ရခဲ့ပါတယ်။

ဒီလို စီးပွားရေးလောကမှာ အောင်မြင်ပြီး လူ့ဘဝမှာ ချမ်းချမ်းသာသာနဲ့ နေနေတုန်းမှာပဲ သူ့ဘဝကြီးတစ်ခုလုံးကို ပြောင်းလဲပစ်မယ့် မမျှော်လင့်တဲ့ ကံကြမ္မာမုန်တိုင်းကြီးတစ်ခု သူ့ဆီဝင်လာပါတယ်။ အဲဒါကို သူသတိမထားမိလိုက်ပါ။ အဲ့ဒါက သူ့ရဲ့အမှားကြီးပါ။ အဲဒီအမှားအတွက် သူ့ဘဝတစ်ခုလုံး ပေးဆပ်လိုက်ရခြင်းပါ။ တစ်နေ့ သူ့သူငယ်ချင်း ရောက်လာပြီး နှစ်လုံးချဲဂဏန်းတစ်ကွက်လာပေးပါတယ် သူကအစတော့ငြင်းပါတယ်။ သူ့သူငယ်ချင်းက သူပေးတဲ့ဂဏန်းနဲ့ ပတ်သက်ပြီး ဒီဂဏန်းက ဝယ်ဂဏန်းဖြစ်ကြောင်း၊ သေချာပေါက်ထွက်နိုင်ကြောင်း တကယ်လို့ မထွက်ခဲ့ရင် ပြန်လျော်မယ်ဖြစ် ကြောင်းတွေ သွားရည်ယိုပန်းယိုပြောနေတဲ့အတွက် သူငယ်ချင်းကို အားနာတာတစ်ကြောင်း၊ ကံစမ်းလိုစိတ်ရှိလာတာ တစ်ကြောင်း၊ နောက်ဆုံးတော့ အကြောင်းပေါင်းစုံစုပြီး ငါးသောင်းဖိုး ထိုးလိုက်ပါတယ်။ သူ့သူငယ်ချင်းက တစ်သိန်းဖိုးထိုးထားတယ်ဆိုလို့ပါ ကံအားလျော်စွာပဲ အဲဒီနေ့မှာပဲ သူတို့ထိုးတဲ့ဂဏန်းက ဒဲ့ထွက်လာပါတယ်။ သူငယ်ချင်းနှစ်ယောက် ပျော်လိုက်ကြတဲ့ဖြစ်ခြင်း သောက်ကြစားကြ အောင်ပွဲခံလိုက်ကြပေါ့။ သူ့သူငယ်ချင်းကိုလည်း ကျေးဇူးတင်ပေါ့ ဒီလိုနဲ့သူဟာ လောင်းကစားလောကထဲ ရောက်မှန်းမသိ ရောက်သွားရှာပါတယ်။

နောက်နေ့တွေမှာလည်း သူငယ်ချင်းက ဂဏန်းတွေ လာပေးပါတယ်။ သူ့သူငယ်ချင်းပေးတဲ့ ဂဏန်းနဲ့ရထားတော့ သူကယုံကြည်တာပေါ့၊ ထိုးတာပေါ့၊ အောကွက်တွေချတာပေါ့။ ဒါပေမယ့်လည်း လွဲပါတယ်။ ပါသွားပါတယ်။ ဒီလိုပဲ သူငယ်ချင်းပေးတဲ့ ဂဏန်းတွေ ထိုးမြဲထိုးပေါ့ မပေါက်ပါ ကြာတော့ သူ့သူငယ်ချင်းလည်း ပေးသမျှဂဏန်းတွေ လွဲဖန်များတော့ နောက်ထပ်မပေးတော့သလို သူ့အိမ်လည်း မလာတော့ပါ။ သူ့သူငယ်ချင်းမလာလည်း သူကတော့ ချဲဂဏန်းထိုးမပြတ်ပါ။ သူ့မှာ နှစ်လုံးရောဂါစွဲသွားပြီလေ။ ဂဏန်းတွေကို တွက်နည်းအမျိုးမျိုးနဲ့ တွက်ပြီး ထိုးတယ်။ လွဲတာပဲ အပတ်စဉ်ထွက်တဲ့ အာမခံအမျိုးမျိုးပေးထားတဲ့ နှစ်လုံးဂဏန်းကတ်တွေ ဝယ်တယ်။ ပတ်ဂဏန်း၊ ခွေဂဏန်း၊ လိုက်ဂဏန်း၊ မွေးဂဏန်း၊ ဒိုင်ပြေးဂဏန်း၊ အရင်းကြေဂဏန်း၊ အောဂဏန်း၊ တစ်လုံးပိုင်ဂဏန်း အို စုံလို့ပါ။ အဲဒီဂဏန်းတွေထိုးလည်း မပေါက်ပါဘူး။ တွက်နည်းတစ်ထောင် တက်တက်ပြောင်ပါပဲ။ ပေါက်ပြန်တော့လည်း ရန်ကွက်ဖြစ်လို့ အရင်းမကြေဘဲ အရှုံးနဲ့သာ ကြုံခဲ့ရပါတယ်။ တစ်ခါတစ်ရံကြတော့ ပြန်ကျဂဏန်းတွေထွက်လို့ ဒိုင်စားပြီးထိုးသားတွေ ဝက်ဝက်ကွဲ ရှုံးကြရပြန်တယ်။ ဒီလိုနဲ့သူလည်း ချဲလောကထဲမှာ တဝဲလည်လည် ရှိခဲ့ရာမှ တော်တော်လေး အထိနာခဲ့ရပါတယ်။ ရှုံးကြေးတွေလည်း များခဲ့ပါတယ်။ သူ့ရဲ့တစ်ပတ်ထိုးကြေးဟာဆိုရင် သိန်းဆယ်ချီရှိခဲ့တဲ့အတွက် တစ်လအရင်းချုပ်လိုက်ရင် သိန်းပေါင်းရာချီပြီး အရှုံးပေါ်ခဲ့ရပါတယ်။ ဒါတွေသူသိပေမယ့် နောက်ဆုတ်လို့မရခဲ့တော့ပါ။ ရှုံးကြေးတွေပြန်ရဖို့ ရှေ့ကိုပဲဆက်ရတော့မှာပါ။ လှေမျှောလှေနဲ့လိုက်ငွေမျှောတော့ ငွေနဲ့ လိုက်ခဲ့ရပါတယ်။ ထိုကြေးတွေကို မြှင့်ပြီးထိုးပါတယ်။ ထိုကြေးမြှင့်ပြန်တော့လည်း မပေါက်တဲ့အခါ ရှုံးကြေးတွေပဲ မြင့်ခဲ့ပါတယ်။ အရှုံးတွေပဲ ပိုခဲ့ရပြန်တယ်။ အကြွေးတွေ တင်ခဲ့ရပါတယ်။ အပိုငွေတွေ ကုန်သလောက်ဖြစ်ခဲ့ရပါတယ်။ သူဟာ ချဲလောကထဲမှာပဲ နစ်မျောခဲ့တဲ့ အတွက် သူရဲ့အရောင်းအဝယ်လောကနဲ့ အဆက်ပြတ်ပြီး စီးပွားရေးတွေ ပျက်ခဲ့ပါတယ်။ သူလည်း ပေါက်တဲ့နဖူး မထူးဘူးဆိုပြီး မထူးဇာတ်ဆက်ခင်းခဲ့ရာ နောက်ပိုင်း ကားရောင်းပါတယ်။ ရွှေထည်တွေ ဖြုတ် ရပါတယ်။ အဲဒီကရတဲ့ငွေနဲ့ ချဲတွေဆက်ထိုး၊ လွဲ၊ မပေါက်၊ ကုန်၊ ရှုံးပဲ အဖတ်တင်ခဲ့ပြီး သူ့ရဲ့ ရှုံးကြေး တွေ ပြန်ရဖို့ဆိုတာ ရွှေပြည်တော် မျှော်တိုင်းဝေးခဲ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် သူကတော့ ပူထူနေပြီး သတိတွေလည်း လွတ်ကုန်ပါတယ်။ သူ့ရှုံးကြေးတွေ ပြန်ရရေးပဲ တွေးပြီး ချဲကိုပဲ ဆက်ပြီးထိုးနေမြဲပါ။ နောက်တော့ ထိုးစရာငွေမရှိတော့ သူနေတဲ့တိုက်ကို ပေါင်ပါတယ်။ ဆက်ပြီးထိုးပြန်ပါတယ်။ ကုန်သွားပြန်တယ်။ ဒီလိုနဲ့ ချဲကိုဆက်ထိုးရင်းက မပေါက်တာ၊ လွဲတာတွေများတော့ နောက်ထိုးတော့ တိုက်က အပေါင်ဆုံးသွားပြီး တိုက်ပေါ်ကနေ ဆင်းပေးလိုက်ရတဲ့အဖြစ်ကို ရောက်ခဲ့ရပါတယ်။ သူ့မိန်းမကတော့ သမီးကိုခေါ်ပြီး မိဘတွေရှိတဲ့ရွာကို ပြန်သွားပြီဆိုတဲ့သတင်းကြားရပေမယ့် သူကတော့ ပျောက်ချင်းမလှ ပျောက်သွားပါတယ်။ ဒါက ကျွန်တော့်သူငယ်ချင်းရဲ့ နိဂုံးပါပဲ။

ဒီလိုနဲ့ပဲ လေး၊ ငါးနှစ်ကြာလာခဲ့ရာ တစ်နေ့မှာတော့ အမှတ်မထင်ဘဲ လမ်းဘေးသစ်ပင်အောက်မှာ ထိုင်နေတဲ့လူတစ်ယောက်ကို တွေ့လိုက်ရာ သူငယ်ချင်းရဲ့ ပုံသဏ္ဌာန်နဲ့တူနေလို့ ဆိုင်ကယ်ပေါ်ကနေဆင်းပြီးသွားကြည့်ပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော့်သူငယ်ချင်းပါ။ ဒါပေမယ့်လည်း အရင်ရုပ်တော့ မဟုတ်တော့ပါ။ လမ်းဘေးမှာ တွေ့ရတတ်တဲ့ လူတွေပုံစံမျိုးသာ ဖြစ်နေပါတယ်။ ကျွန်တော့်မှာ သူငယ်ချင်းလို့ပြောနိုင်တဲ့ အထောက်အထားရှိပါတယ်။ အဲ့ဒါက သူဟာ ဘယ်သူနဲ့မှ မတူတဲ့ မျက်လုံးပြူးပြူး၊ မျက်ခုံးမွှေ့တဲ့အချက်ပါပဲ။ ကျွန်တော်တို့ကျောင်းတုန်းကဆိုရင် သူ့ကိုဇီးကွက်ပြူးလို့ခေါ်ခဲ့သူပါ။ ဒီအချက်ကပဲ။ သူ့ကိုမှတ်မိစေတဲ့အချက်၊ သူငယ်ချင်းဖြစ်ကြောင်း ခိုင်လုံတဲ့ အထောက်အထားပါပဲ။ ကျွန်တော်က သူ့ကိုသိပေမယ့် သူကတော့ ကျွန်တော့်ကို မသိတော့ပါ။ ဘာပဲမေးမေး မဖြေတော့ပါ။ သူ့မိသားစုကိုလည်း မသိပါ။ သူဘယ်သူလဲဆိုတာလည်း မသိပါ။ သူ့ရဲ့ ရွှေရောင်လွှမ်းခဲ့တဲ့အချိန်ကာလများ ကိုလည်း မသိတော့ပါ။ ပြောရရင် သူဘာကိုမှ မသိတော့ဘဲ မျက်လုံးအပြူးသားနဲ့ပဲ ပြန်ကြည့်နေရှာပါတယ်။ လောကကြီးတစ်ခုလုံးကိုပါ သူမေ့သွားရှာပါပြီ။ ဟုတ်ပါတယ်။ သူဦးနှောက်ပါ သေသွားတဲ့အတွက် အခုလို တုံးအဘဝေ ဖြစ်သွားဟန်လည်းတူပါတယ်။နောက်တော့ ကျွန်တော် လည်းသူ့ကို ဘာမှမမေးတော့ပါ။ သူ့ကိုမကြည့်ရက်တော့တာကြောင့် အနီးအနားမှာရှိတဲ့ မုန့်ဆိုင်ကနေ မုန့်တစ်ထုပ် ဝယ်ပေးပြီး ထွက်ခဲ့ပါတယ်။

သူ့ကို ကြည့်ပြီး ရင်နာရပါတယ်။ ဝမ်းနည်းရပါတယ်။ ကြေကွဲရပါတယ်။ မျက်ရည်ကျခဲ့ရပါတယ်။ သင်ခန်းစာလည်း ရလိုက်ပါတယ်။ အဲဒီနေ့ကသူ့ကို နောက်ဆုံးတွေ့ရခြင်းပဲ ဖြစ်ပါလိမ့်မယ်။ အဲဒီနောက်လည်း သူ့ကိုမတွေ့ရတာ အခုချိန်ထိပါပဲ။ ဒီအဖြစ်အပျက် ကြာခဲ့ပေမယ့် အခုချိန်ထိ မမေ့နိုင်ပါ။ အမြဲတမ်းပဲသူ့ကို သတိရနေမိပါတယ်။ ကျွန်တော် ပြောချင်တဲ့နေရာလည်း ရောက်ပါပြီ။ ကျွန်တော့်သူငယ်ချင်း အခုလိုဘဝမျိုး ရောက်သွားတာ အရင်းစစ်အမြစ်က မြေကဆိုသလို တံလျှပ်ကိုရေထင် ရွှေသမင်အလိုက်မှားခဲ့ရတဲ့ လူတွေရဲ့ လောဘရမ္မက်ကိုတက်စေတဲ့ လောင်းကစားကြောင့်ပါ။ မူးယစ်ဆေးဝါးဟာ သုံးစွဲမိရင် ဖြတ်မရတော့ဘဲ စွဲလမ်းစေပြီး သုံးစွဲသူကို လူညွှန့်တုံးစေသလို လောင်းကစားဟာလည်း အစပြုမိရင် စွဲလမ်းစေပြီး ဘဝပျက်လူဖြစ်ရှုံးစေတယ်ဆိုတာ ပါပဲ။

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၅ရက် နံနက် ၉နာရီက အဆိုပါကျောင်းရှိ စကားဝါခန်းမတွင် ပြုလုပ်ခဲ့သည်။



ရှေးဦးစွာ အခမ်းအနားကို Grade-8 ကျောင်းသား၊ ကျောင်းသူလေးများက "ကြိုဆိုပါသည် စုံညီပွဲတော်"သီချင်းကို သံပြိုင်သီဆိုဖွင့်လှစ်ပေးကြပြီး ကျောင်းအကျိုးတော်ဆောင် ဦးဇော်ဝင်းမောင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်နိုင်နိုင်ဝင်းက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပညာရေးဆိုင်ရာ ဘာသာရပ်အလိုက် ထူးချွန်ဆုများ၊ အားကစားဆိုင်ရာ ထူးချွန်ဆုများ၊ အနုပညာဆိုင်ရာ ထူးချွန်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်ပညာရေးမှူးဦးသိန်းဒန်နှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းသားမိဘများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး ပညာသင်နှစ် တစ်နှစ်လုံး ကျောင်းပျက်ရက်မရှိ သင်ကြားပေးခဲ့သည့် ဆရာ၊ ဆရာမများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်နိုင်နိုင်ဝင်းက ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အစီအစဉ်အတိုင်း ကျောင်းသား၊ ကျောင်းသူလေးများက အက၊ အလှ တေးသရုပ်ဖော်များဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး အခမ်းအနားကို Grade-8 ကျောင်းသား၊ ကျောင်းသူလေးများက ဇာတိမာန်သီချင်းကို သံပြိုင်သီဆိုရုပ်သိမ်းခဲ့သည်။

အဆိုပါ စုံညီပွဲတော်သို့ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများ၊ ဖျော်ဖြေရေးအဖွဲ့ဝင်ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဆရာ၊ ဆရာမများ စုစုပေါင်း ၅၇၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

နေအောင်(ပြန်/ဆက်)

## ကန်ထရိုက်လယ်ယာစနစ်ဖြင့် ရေသွင်းနှမ်း ၃၃၃၁ ဧက စိုက်ပျိုးဆောင်ရွက်သွားမည်

**ပွင့်ဖြူ ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ လာမည့် နွေသီးနှံစိုက်ပျိုးရာသီတွင် အရည်အသွေးမြင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်ပြီး ကန်ထရိုက်လယ်ယာစနစ်ဖြင့် ရေသွင်းနှမ်း ၃၃၃၁ ဧက အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်တောင်သူ အကျိုးဆောင်အသင်း(FFA)မှ တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

"လာမယ့် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း အရည်အသွေးမြင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်နိုင်ဖို့နဲ့ ဒေသခံတောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ရေသွင်းနှမ်း ၃၃၃၁ ဧက စိုက်ပျိုးဆောင်ရွက်သွားဖို့ ရှိပါတယ်။ တောင်သူတွေနဲ့ကန်ထရိုက် လယ်ယာစနစ် အကျိုးတူပူးပေါင်းဆောင်ရွက်မယ့်ကုမ္ပဏီက Green Growth Generation(GGG) ကုမ္ပဏီဖြစ်ပါတယ်။ လက်ရှိမှာ ကန်ထရိုက်လယ်ယာစနစ်နဲ့ ရေသွင်း နှမ်းစိုက်ပျိုးဆောင်ရွက်မယ့် ကျေးရွာ ၁၉မှ ဒေသခံတောင်သူတွေကို တွေ့ဆုံပြီး ကုမ္ပဏီနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်မယ့် လုပ်ငန်းအစီအစဉ်များကို ချပြရှင်းလင်းဆွေးနွေးပြီး ဖြစ်ပါတယ်။ ရေသွင်းနှမ်း စိုက်ပျိုးရာတွင် မျိုးစေ့ထုတ်စိုက်ကွက် ၁၅၅ ဧကနဲ့ ရိုးရိုးစိုက်ကွက် ၃၁၇၆ ဧက၊ စုစုပေါင်း ၃၃၃၁ဧက စိုက်ပျိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းအတွက်လိုအပ်တဲ့ သဘာဝမြေဩဇာနဲ့ သဘာဝဆေးတွေကို လည်း တောင်သူတွေလက်လှမ်းမီ အလွယ်တကူသုံးစွဲနိုင်အောင် မြို့နယ်တောင်သူအကျိုးဆောင်အသင်း(FFA)က ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်တောင်သူအကျိုးဆောင်အသင်း(FFA) ဥက္ကဋ္ဌက ပြောပြသည်။

ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း(FFA)က မြို့နယ်အတွင်း သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေရေး၊ အရည်အသွေးမြင့်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ထွက်ရှိလာသော သီးနှံများတွင် ထုတ်လုပ်သူရော စားသုံးသူပါ အစားအစာ ဘေးကင်းလုံခြုံရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး စသည့် တောင်သူအကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် စိုက်ပျိုးရေးကုမ္ပဏီများနှင့် ချိတ်ဆက်၍ ဒေသတွင်းရှိ တောင်သူများကို သီးနှံဝင်ငွေအကျိုးအမြတ်ရရှိစေရန် ကန်ထရိုက်လယ်ယာစနစ်ဖြင့် သီးနှံများစိုက်ပျိုးခြင်း၊ စိုက်ပျိုးသီးနှံများပေါ်ချိန်တွင် တောင်သူများအတွက် သင့်တင့်မျှတသော သီးနှံဈေးနှုန်းများရရှိစေရေးအတွက် တောင်သူစုပေါင်းသီးနှံရောင်းချပွဲများ ကျင်းပပေးခြင်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၄၅)

## ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဓာတုဗေဒအသင်း အနိုင်ရဗိုလ်စွဲ

**စစ်ကိုင်း ဇန်နဝါရီ ၆**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရတနာပုံတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲ ဗိုလ်လုပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉နာရီခွဲက အဆိုပါတက္ကသိုလ်ရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။



အမျိုးသား သုံးယောက်တွဲ ဗိုလ်လုပွဲစဉ်တွင် ဓာတုဗေဒအသင်းက ရူပဗေဒအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ကြောင်းနှင့် ရူပဗေဒအသင်းက ဒုတိယ၊ ရှေးဟောင်းသုတေသနပညာအသင်းက တတိယ ရရှိသည်။

အဆိုပါ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပခဲ့ပြီး ဘာသာရပ်အသီးသီးမှ ပြိုင်ပွဲဝင် အသင်းပေါင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ (ဓါတ်ပုံ) (၀၈၂)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့မြေ

## သာယာငြိမ်းအေး တို့အိမ်လေး

* နံနက်မိုးလင်း
အရုဏ်ကျင်း၍၊ ဖြာလင်းနေခြည်
အရှေ့ဆီမှ၊ ရွှေချည်မျှင်တန်း
ကမ္ဘာ့ဝှမ်းသို့၊ ခြုံလွှမ်းသာသည်
ကြည်နူးရိပ်ငြိမ်၊ တို့များအိမ်။

* အိမ်ရှေ့တွင်ဝယ်
စံပယ် ရွက်လှ၊ ယုဇနနှင့်
သော်က ခတ္တာ၊ ဇီဇဝါပန်း
ဝေဆာပွင့်စုံ၊ ရနံ့ထုံကြွယ်
ပန်းရုံမြိုင်တန်း၊ ဟောဝန်နန်း။

* အိမ်နောက်တွင်ကား
သခွားဘူးပင်၊ ကင်ပွန်းချဉ်နှင့်
ချဉ်ပေါင်ဆူးပုတ်၊ ပင်ရုတ်ရယ်
ချက်ပြုတ်သီးနှံ၊ ပေါပြည့်လျှံ၍
အရံဖြည့်စွက်၊ ဟင်းတစ်ခွက်။

* မိသားစုချင်း
မေတ္တာရင်း၍၊ စိတ်ချင်းဆက်နွှယ်
ငယ်သူသနား၊ လေးစားရွယ်တူ
ကြီးသူရိုသေ၊ ပေးဝေမျှတ
ဘဝအလှ၊ ထာဝရ။

* ညချမ်းချိန်ခါ
သော်တာလမင်း၊ ထိန်ဖြာလင်း၍
တေးချင်းခမွှ၊ ရွတ်ဆိုကြလျက်
ပဋ္ဌာန်းတေးသံ၊ ကောင်းကင်ယံဝယ်
လွင့်ပျံငြိမ်းအေး၊ တို့အိမ်လေး။ ။

ဇော်မြင့်မိုရ်(မီးရထား)



## သတင်းပဒေသာ

### လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်ခြင်းနှင့် အလေးပြုခြင်းအခမ်းအနား ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်ခြင်းနှင့် အလေးပြုခြင်း အခမ်းအနားကို ဇန်နဝါရီလ ၄ ရက် နံနက် ၄ နာရီ ၂၀ မိနစ်က မြို့နယ်ပြည်သူ့ပန်းခြံ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အလံကိုလွှင့်ထူပြီးအလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခဲ့သည်။ နံနက် ၇ နာရီတွင် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို အဆိုပါပြည်သူ့ပန်းခြံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံမှ ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးလှမျိုးက ဖတ်ကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃ရက်က အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအားလွန်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့သည်။ အ·ထ·က(မိုင်းဆတ်)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက လူငယ်စွမ်းရည်သီချင်းဖြင့် ကပြဖျော်ဖြေကြပြီးနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဦးညီညီထွေးနှင့်ခရိုင်ပညာရေးမှူး ဦးအောင်ဇော်တို့က အမှာစကားပြောကြားကာ ဆုများအသီးသီးချီးမြှင့်ပြီး ကျောင်းအုပ်ဆရာကြီး ဦးသောင်းအေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပညာရေးစုံညီပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်ရှိ အ·ထ·က(ခွဲ) မြို့ဦးကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျောင်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ပညာရေးစုံညီပွဲတော်သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမင်းသန်းက အမှာစကားပြောကြားသည်။ ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်လင်းလင်းထိုက်က အမှာစကားပြောကြားခဲ့ပြီး အ·ထ·က(ခွဲ) မြို့ဦးကျောင်းအုပ် ဆရာမကြီး ဒေါ်မေရီမြင့်က ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို အမှတ်(၄) ရပ်ကွက် လွတ်လပ်ရေးကျောက်တိုင်ကွင်းတွင် ဇန်နဝါရီ ၄ရက် နံနက် ၄ နာရီ ၂၀ မိနစ်က ကျင်းပခဲ့သည်။ လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စစ်မှုထမ်းဟောင်း၊ ရပ်မိရပ်ဖများ အပါအဝင် စုစုပေါင်း အင်အား ၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## (၁၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံပွဲနှင့် အနေကဇာတင်လှူ



**သရက် ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သတ္တဋ္ဌာနဘုရားကြီး၏ (၁၃၅)ကြိမ်မြောက်ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံပွဲနှင့်ဗုဒ္ဓဘိသေက အနေကဇာတင်လှူပွဲ အခမ်းအနား ကျင်းပခြင်းကို ယနေ့ နံနက် ၆နာရီက သတ္တဋ္ဌာနဘုရားကြီး မြတ်စွယ်တော်တိုက်တွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်ပူဇော်သော ရွှေစေတီမှ ဗုဒ္ဓဘိသေက အနေကဇာတင်လှူမည့် ပလ္လင်ထက်သို့ ပင့်ဆောင်ပြီး သတ္တဋ္ဌာနဘုရားကြီး၏ ဩဝါဒစရိယဆရာတော်ကြီးများက ဗုဒ္ဓမြတ်စွယ်တော်နှင့် ဘုရားကြီးပရိဝုဏ်အတွင်းရှိ စေတီပုထိုး ရုပ်ပွားတော်၊ ဆင်းတုတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင် ပေးကြသည်။

ထို့နောက် ဩဝါဒစရိယ ဆရာတော် မြခဲတောင်ကျောင်းတိုက်ဆရာတော်ထံမှ ကိုးပါးသီခံယူဆောက်တည်ခဲ့ကြပြီး ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပေးခဲ့ပြီး ဆရာတော်များအား ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ မြခဲတောင်ကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာယူဆောက်တည်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး ဗုဒ္ဓမြတ်စွယ်တော်ကို နေ့စဉ်အပူဇော်ခံမည့် ကျောင်းဆောင်သို့ ပင့်ဆောင်ပြီး ဆရာတော်များက အောင်ဂါထာများ ရွတ်ဖတ်ပူဇော်ပေးခဲ့ကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား ပြီးစီးကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဇော်ထက်(သရက်)**

## ကထိန်အလှူတော်မင်္ဂလာအောင်ပွဲ ရေစက်ချအခမ်းအနား ကျင်းပ



**မန္တလေး ဇန်နဝါရီ ၆**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက် မဟာဝိဇိတာရာမတိုက် စစ်ကိုင်းပရိယတ္တိကျောင်းတွင် ကထိန်အလှူတော် မင်္ဂလာအောင်ပွဲ ရေစက်ချအခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၁၀နာရီခွဲက ကျင်းပရာ မဟာဝိဇိတာရာမတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဩဘာသ နှင့်မြဧယျာ ကုသိုလ်ဖြစ်ဆေးခန်း ပွဲကိုင်ရှင် စစ်ကိုင်းပရိယတ္တိကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သောဘိတများ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မြဧယျာကုသိုလ်ဖြစ်ဆေးခန်း၏ ထာဝရဆေးကုသိုလ်ရှင်များဖြစ်ကြသော ဘုရား၊ သိမ်၊ ကျောင်း၊ မုခ်ဦးဒါယကာ ဦးထွန်းဝင်း၊ ဘုရား၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယိကာမဒေါ်မြမြ မိသားစုနှင့် ညီအစ်ကိုမောင်နှမများ၊ ရွှေညောင်ပင်ရပ်ကွက် ဓမ္မစကြဝတ်ရွတ် အသင်းများ၊ မြဧယျာ ကုသိုလ်ဖြစ်ဆေးခန်းသို့ လာရောက်ပြသကြသော လူနာရှင် ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဧည့်ပရိသတ်တို့က မဟာဝိဇိတာရာမတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဩဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားကြသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်များက မြဧယျာ ကုသိုလ်ဖြစ်ဆေးခန်းသို့ လာရောက်ပြသကြသော ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ဧည့်ပရိသတ်များအား နံနက်စာထမင်းနှင့်ဟင်း၊ အချိုပွဲတို့ဖြင့် ဧည့်ခံကျွေးမွေးကြကြောင်းနှင့် အဆိုပါအလှူရှင်များက ဇန်နဝါရီ ၃ ရက် ညနေပိုင်းတွင်လည်း အရပ်လေးမျက်နှာရှိ လူပုဂ္ဂိုလ်များအား ညနေစာစတုဒိသာထမင်းနှင့်ဟင်းများ ကျွေးမွေးကုသိုလ်ယူခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၅၃)**

## မင်းကွန်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများနှင့် ပြဟ္မစိုရ်လှုမှုကူညီရေးအသင်းသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်း

**စစ်ကိုင်း ဇန်နဝါရီ ၆**

စစ်ကိုင်းမြို့နယ်၊ မင်းကွန်းဒေသရှိ ဘွားဦးဇွန်းတည်ထောင်ခဲ့သော မင်းကွန်းဘိုးဘွားရိပ်သာတွင် ခိုကိုးရာမဲ့သက်ကြီးရွယ်အိုဘိုးဘွားများအား လက်ခံစောင့်ရှောက်ထားရှိသည်။ ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွား ၆၀ဦးအား စေတနာရှင်များက နံနက်စာ၊ နေ့လယ်စာ၊ ညစာများ နေ့စဉ်လာရောက်လှူဒါန်းကျွေးမွေးလျက်ရှိပြီး ငွေပဒေသာပင်များ လှူဒါန်းလျက်ရှိရာ ဇန်နဝါရီ ၅ ရက်က မန္တလေးတက္ကသိုလ် သင်္ချာဌာန၊ ပါမောက္ခ(ငြိမ်း) ဆရာကြီး ဦးနက်+ဒေါ်သာယု၊ ခင်ပွန်းဦးခင်မောင်ဝင်းတို့အား ရည်စူး၍ အမေရိကန်ပြည်ထောင်စု မြောက်ကယ်လိုလိုင်းနားပြည်နယ် နေ ဒေါ်ခင်မာမာ၊ (သား)ကိုဝဏ္ဏ ကိုကို မိသားစုက မင်းကွန်းဘိုးဘွားရိပ်သာသို့ ငွေပဒေသာ ပင်ငွေကျပ် ၁၀သိန်းတို့ကို လာရောက်လှူဒါန်းရာ ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ ရုံးအဖွဲ့မှူးကလက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုလွှာ ပေးအပ်သည်။



အလားတူ အလှူရှင်မိသားစုသည် မန္တလေး ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်းရှိ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့လည်း လိုအပ်သောနေရာများတွင် အသုံးပြုနိုင်ရန် ငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(၀၄၅)

# ကျွန်တော်သိမှီသော အကွက်(၇)တောင်ဒွါလောင်း ဘုရားပွဲ

ကျွန်တော်တို့ နန်းတော်ရှေ့ အကွက်(၇) တောင်ဒွါလောင်းမွှာရုံရဲ့ နာယကကြီးဟာ ဦးထွန်းဖေ ဖြစ်ပါတယ်။ ဂေါပကလူကြီးကတော့ ဦးလှဒင်ဖြစ်ပါတယ်။ ကျွန်တော်ဟာ တောင်ဒွါလောင်းရပ်မှာမွေးတဲ့ နန်းတော်ရှေ့သား ဖြစ်ပါတယ်။ အဓိက အကြောင်းအရာကတော့ ကျွန်တော် သိမှီလိုက်သောအကွက်(၇) တောင်ဒွါလောင်းမွှာရုံရဲ့ ဘုရားပွဲအကြောင်းဖြစ်ပါတယ်။

ကျွန်တော်တို့ မွှာရုံရဲ့ ဘုရားပွဲတော်ဟာ 'ရွှေဘုန်းပွင့်' မြတ်စွာဘုရားပဲ ဖြစ်ပါတယ်။ ဦးထွန်းဖေနဲ့ ဦးလှဒင် ဂေါပကနှစ်ဦး ကွယ်လွန်သွားချိန်မှာတော့ ဦးသောင်းကြီး(ဆည်မြောင်း)က ဥက္ကဋ္ဌ၊ ဦးပေါ်ဦး(ပြဟ္မစိုရ်)၊ ဦးကျော်စိန်၊ ဦးဘုန်းလှိုင်တို့က နာယကအဖြစ် ဆက်လက်ဆောင်ရွက်ပြီး မွှာရုံရဲ့ ဝေယျာဝစ္စအားလုံးကို တိုင်တိုင်ပင်ပင်နဲ့ စည်းလုံးညီညွတ်စွာ မွှာရုံရဲ့ တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပါတယ်။ အတွင်းရေးမှူးကတော့ ဦးအေးသန်းနဲ့ ဦးသန်းအောင်ဖြစ်ပါတယ်။ လူပျိုခေါင်းကတော့ ဦးဖိုးဆန်းဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ တစ်နှစ်တာ မွှာရုံဘုရားပွဲဖြစ်မြောက်ရေးအတွက် လက်ကျန်ဘဏ္ဍာငွေနဲ့အတူ ဝါတွင်း ၃လမှာ ဥပုသ်နေ့တိုင်း အလှူခံထွက်ကြပါတယ်။ ပုဆိုးအဖြူနဲ့ အင်္ကျီကတော့ တောင်ဒွါလောင်းမွှာရုံ လူငယ်ဝေယျာဝစ္စအသင်းဆိုတဲ့ တံဆိပ်ရိုက်ပြီးသား အင်္ကျီအဖြူနဲ့ပါ။ ကလေးတွေကလည်းပါတော့ အင်္ကျီကို အတိုင်းနဲ့ ချုပ်ပြီး ပေးထားပါတယ်။ အလှူခံထွက်တဲ့ ဥပုသ်နေ့မှ ဝတ်ကြရတာပါ။

နံနက်ပိုင်း ၉ နာရီမှာ လူစုပြီး ဗုံထောင်ရယ်၊ မောင်းအကြီးတစ်လုံးရယ်၊ လင်းကွင်းတစ်စုံနဲ့ပါ။ ဆွမ်းဆန်ကိုတော့ ထမ်းပိုးရဲ့ ရှေ့နောက်မှာ တောင်းနှစ်လုံးကို ထမ်းပိုးရပါတယ်။ အလှူခံဖလားနှစ်လုံးနဲ့ အရှေ့ဘက်၊ အနောက်ဘက်အိမ်တွေမှာ အလှူခံရပါတယ်။ နေ့လယ်မှာတော့ ၁၂ နာရီအချိန် စုရပ်မှာ ရပ်ကွက်က လာပို့တဲ့ ထမင်းနဲ့ဟင်းကို စားပြီး ဆက်လက်အလှူခံထွက်ကြရပါတယ်။ ရရှိလာတဲ့ အလှူခံငွေတွေကို စနစ်တကျ လူကြီးတွေကိုအပ်ရပါတယ်။ အလှူခံမှရရှိသော ဆွမ်းဆန်များကို အလှူခံလိုက်သည့် လူကြီးနဲ့ကလေးတွေကို လက်ရှိပေါက်စျေးထက် လျှော့ပြီး ရောင်းပါတယ်။ ဘုရားပွဲ ရန်ပုံငွေအတွက်ပေါ့။

ကျွန်တော်တို့ငယ်ငယ်က အရင်ရှေးဘုရားတစ်ဆူ ရှိခဲ့ပါတယ်တဲ့။ နောက်ကျ မွှာရုံအဟောင်းကို ဖျက်ပြီး မွှာရုံအသစ်ကို ၁၃၇၇ ခုနှစ်မှာ အသစ်ပြန်လည်တည်ဆောက်ခဲ့ပါတယ်။ အခု ရွှေဘုန်းပွင့်မြတ်စွာဘုရားကိုလည်း နာရီပြင်ဆရာကြီး ဦးရာက ဘုရားကြီးမှ စစ္စည်း(သစ်စေး)အမည်းကြီးနဲ့ ရုပ်တော်မူဘုရားတစ်ဆူကို အမှတ်(၆) ဘတ်စ်ကားဖြင့် ပင့်ဆောင်လာပြီး ပြုပြင်စရာရှိသည်များကို ပြုပြင်ပြီး ရွှေသင်္ကန်းအသစ်ဖြင့် ပူဇော်ထားပါသည်။ လူကြီးတွေပြောပြချက်အရ အဲဒီအချိန်က ရွှေတစ်ကျပ်သား ငွေကျပ် ၃၀၀၀ ဖြင့် တစ်ကျပ်သားတိတိ ရွှေချထားပါသည်။

ယခုနှစ်နဲ့ဆိုလျှင် ရွှေသင်္ကန်းကို နှစ်ကြိမ်ထပ်ချထားပါသည်။ ဘွဲ့တော်ကိုလည်း ဗုဒ္ဓဟူးနေ့မှာ ပင့်ဆောင်သည့်အတွက် 'ရွှေဘုန်းပွင့်' ဘုရားရယ်လို့ ရဟန်း၊ သံဃာများအား လျှောက်ထားပြီး ဘွဲ့တော်ကို ပေးခဲ့ပါတယ်။ ရရှိလာတဲ့ အလှူငွေတွေကို နတ်တော်လဘုရားပွဲအတွက် ဧည့်ခံစရိတ်နဲ့ လူငယ်တွေကြိုက်တဲ့ အငြိမ့်နဲ့ ပျော်ပွဲရွှင်ပွဲအတွက်ပါ။ ကျွန်တော်တို့ ဘုရားပွဲက နတ်တော်လပြည့်၊ အဖိတ်နေ့မှာ ညနေပိုင်းကိုတော့ ရပ်ကွက်ထဲက ဝါသနာရှင် ခြင်းအဖွဲ့နဲ့အတူ တခြား ခြင်းပညာရှင်များက တစ်ဖွဲ့ပြီးတစ်ဖွဲ့ ခြင်းခတ်ကစား ဧည့်ခံကြပါတယ်။ အဖိတ်နေ့ နံနက်ခင်းကတည်းက စာရေးတံများကို လက်ခံစာရင်းသွင်းကြပါတယ်။ ညနေပိုင်း မွှာရုံသို့ ဆွမ်းတော်ပွဲလာပို့သော ကုသိုလ်ရှင်များကို နန္ဒင်းမကင်းနှင့် လက်ဖက်၊ အကြော်စုံ၊ ရေနွေးများဖြင့် ဧည့်ခံကျွေးမွေးပါသည်။ စာရေးတံများကလည်း ဘုရားပြက္ခဒိန်နှင့် ရုပ်ရှင်သရုပ်ဆောင်မင်းသား၊ မင်းသမီးများ၏ ဓာတ်ပုံများပင် ဖြစ်ပါသည်။ အလှူငွေကိုလည်း ပဒေသာပင်မှာ တစ်ခါတည်း ငွေကို လှူချင်သလောက် လှူလို့ရပါတယ်။ စာရေးတံလက်ခံတဲ့ ကာလသားများက စာရင်းနှင့်တကွ အလှူရှင်ရဲ့အမည်ကို စာလုံးခပ်ကြီးကြီးနဲ့ မိသားစုနာမည်ကို ရေးကပ်ရပါတယ်။

မွှာရုံကြီးကတော့ အသစ်ပြန်ဆောက်ပြီး ရပ်ကွက်သူ၊ ရပ်ကွက်သားများနှင့် အလှူခံရရှိသောငွေများနှင့် အများကောင်းမှုပါ။ မွှာရုံဘုရားပွဲကတော့ အနှစ်တစ်ရာ ကျော်ခဲ့ပါပြီ။ အနှစ်တစ်ရာပြည့်မတိုင်မီက တောင်ဒွါလောင်းမွှာရုံ နှစ်တစ်ရာပြည့်အတွက် ဆောင်းပါးကို ဆရာကြီး နတ်မောက်ထွန်းရှိန်က ဦးကျော်စိန်ကို သိလိုသည်များကို လာရောက်မေးမြန်းပြီး ရေးခဲ့သည်ဟု သိရပါသည်။ ဒါတွေကလည်း ကျွန်တော်၏အစ်မကြီး ဒေါ်သိန်းသိန်းမှ ပြောပြ၍ သိရပါသည်။ လက်ကမ်းစာစောင်များလည်း ဝေခဲ့ပါသည်။ ယခုအချိန်မှာတော့ အသိမ်းလွန်နေ၍ ရှာမတွေ့တော့ပါ။ နှမြောမိပါသည်။ နှစ်ထောင်ပြည့်နှစ်တွင် တောင်ဒွါလောင်းမွှာရုံဘုရားပွဲ နှစ်တစ်ရာပြည့်ခဲ့ပါပြီ။ ၄င်းနှစ်(၁၁၇)ကြိမ်မြောက်မှစ၍ ဘုရားပွဲအကြို ဓမ္မသဘင်တရားပွဲများကို နာမည်ကြီး ဓမ္မကထိကများနှင့် ၁၁ ညတိုင်တိုင် ကျင်းပခဲ့ပါသည်။ ကိုဗစ်-၁၉ မတိုင်မီ ကြည့်ခဲ့ရသောအငြိမ့်မှာ မိုးဒီတို့ အငြိမ့်ကို ၆၂လမ်း ဖြူစင်မေတ္တာ သင်္ကန်းတိုက်ရှေ့တွင် ကြည့်ခဲ့ရတာ နောက်ဆုံးပါ။

နှစ်စဉ် ဆွမ်းလောင်းပွဲကို ပင့်သံဃာ အပါး(၃၂၀)ခန့်ကို လောင်းလှူရပါသည်။ သံဃာတော်များအား နံနက်အရုဏ်ဆွမ်းကို မုန့်ဟင်းခါး ဆွမ်းကပ်လှူပါသည်။ ညပိုင်းတွင် ဆွမ်းတော်ပွဲလာပို့သူများနှင့် အခြားရပ်ကွက်မှ ဧည့်သည်များကလည်း မွှာရုံတွင် မုန့်စားရင်း စာရေးတံမဲများကို ကြည်ညိုကြပါသည်။ အဖိတ်နေ့ညတွင် နာမည်ကြီး အငြိမ့်ဖြင့် ဧည့်ခံပါသည်။ ဒီနှစ်ငှားထားတဲ့ အငြိမ့်ကို ရပ်ကွက်က ကြိုက်ပြီဆိုရင် နောင်နှစ်အတွက် ကြိုတင်၍ စရံငွေပေးကာ စာချုပ် ချုပ်လိုက်ပါသည်။ ပွဲငှားတာဝန်ခံကတော့ ဦးကိုလေး(သံဖြူ)၊ ဦးဘညွန့်တို့ ညီအစ်ကိုနှင့် ကာလသားများက လိုက်ပါ၍ ငှားကြပါသည်။ နှစ်တစ်ရာပြည့်ပွဲကိုလည်း စည်ကားသိုက်မြိုက်စွာ တရားပွဲနှင့်အတူ ပျော်ပွဲရွှင်ပွဲများနှင့် ကျင်းပခဲ့ပါသည်။ ဆရာတော်၊ သံဃာတော်များလည်း ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်ရွတ်ကာ အသင်းသူ၊ အသင်းသားများအား စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးခဲ့ပါသည်။ ကျွန်တော်တို့ ရပ်ကွက်ဘုရားပွဲနှင့် ယပ်တန်း အကွက်(၄၈)၊ နတ်ကုန်းဘုရားပွဲမှာ တစ်ရက်တည်း ဖြစ်ပါသည်။ ဒါပေမယ့် ကျွန်တော်တို့ကလည်း ကိုယ့်ရပ်ကွက်မှာ အငြိမ့်ပါပေမယ့် နာမည်ကြီး လူရွှင်တော်မပါလျှင် တခြားရပ်ကွက်သို့ သွားကြည့်ပါသည်။ နောင်အခါတွင် အကွက်(၄၈) နတ်ကုန်းဘုရားပွဲက ရက်ရွှေ့၍ ကျင်းပခဲ့ပါသည်။


ရန်ပုံငွေကတော့ အလှူမင်္ဂလာဆောင်မှာ ဧည့်ခံပေးဖို့ ကာလသား၊ ကာလသမီးများကို အကူအညီ တောင်းတဲ့အခါမှာ ထိုက်သင့်တဲ့ ငွေကြေးများ ရရှိပါသည်။ တခြားရန်ပုံငွေတစ်ခု အနေနဲ့ကတော့ အလှူပွဲများမှာ ရှေ့ဝင်း၊ နောက်ဝင်းခင်းတဲ့အခါ ကျွန်တော်တို့ရပ်ကွက်ကို လာငှားတဲ့အခါ ရပ်ကွက်ထဲမှ လူပျို၊ အပျိုတွေ ပါရပါတယ်။ ရှေ့ဝင်း၊ နောက်ဝင်းမှာလည်း ရုပ်ချောပြီး အရပ်နည်းနည်း မြင့်တဲ့နှစ်ဦးကို ဘုရင်နှင့်မိဖုရားအဖြစ် ရွေးချယ်ရပါတယ်။ ရွှေချည်ထိုးအဝတ်အစားများကို 'ရွှေဆင်မင်း'ရွှေချည်ထိုးတိုက်မှ အောင်စိုးမင်းက အစအဆုံး အကူအညီပေးပါသည်။ ကျွန်တော်တို့ရပ်ကွက်က ငှားလျှင် ကောင်းပေ့၊ သစ်ပေ့ဆိုသော အဝတ်အထည်များကို စျေးပိုမယူဘဲ ငှားပါသည်။ သူနှင့်အတူ သူ့တပည့်များက ကိုယ်တိုင်လိုက်ဝတ်ပေးပါသည်။ အကွက်(၇) တောင်ဒွါလောင်းသားထဲမှာတော့ စာရေးဆရာ ဦးချစ်ဦးညို၊ ကဗျာဆရာ ပိုင်သ၊ တေးရေး၊ တေးဆို ဆူးဆိုရင် တောင်ဒွါလောင်းသား စစ်စစ်တွေပါ။ ဥက္ကဋ္ဌ ဦးသောင်းကြီး ကွယ်လွန်ပြီးနောက် ရပ်ကွက်အကျိုးအတွက် အလွန်ကြိုးစားသော ဦးသောင်းကြည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ယခုမူ ဦးသောင်းကြည်လည်း ကွယ်လွန်ပြီဖြစ်သည်။

ယခု နောက်ပင့်ထားတဲ့ 'ရွှေဘုန်းပွင့်' မြတ်စွာဘုရားဟာ နန်းတော်ရှေ့ ၆၂(ဘီ)လမ်း၊ ၁၈လမ်းနှင့်၁၉လမ်းကြား၊ တောင်ဒွါလောင်းမွှာရုံတွင် ကိန်းဝပ်စံပယ်လျက်ရှိပါသည်။ ညမှာဆိုရင်လည်း စိတ်ချမ်းသာစွာ တရားထိုင်၊ ပုတီးစိပ်လို့ အလွန်ကောင်းတဲ့ ဆိတ်ငြိမ်တဲ့နေရာတစ်ခုပါ။ နန်းတော်ရှေ့ကိုရောက်ရင် ဝင်ဖူးဖြစ်အောင် ဖူးလှည့်ပါလို့ ဖိတ်ခေါ်ပါတယ်နော်။ နန်းတော်ရှေ့ နယ်လုံးဆိုင်ရာအတွင်း နေထိုင်ကြကုန်သော ရဟန်းရှင်လူ ရပ်ကွက်သူ၊ ရပ်ကွက်သားအပေါင်း စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ရပါတယ်ခင်ဗျာ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

## ဖန်းမောက်မြို့၌ ကုဏ္ဍာသယဇလုံတောင်တော်ဘုရားစေတီများနှင့် ကျောက်မဏ္ဍာပ်ဘုရားစေတီများဖွင့်ပွဲနှင့်ကားလိုင်းဖွင့်ပွဲ ကျင်းပ

**ဖန်းမောက် ဇန်နဝါရီ ၆**



စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဖန်းမောက်မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားဖြစ်သော ကုဏ္ဍာသယဇလုံတောင်တော်ဘုရားစေတီများနှင့် ကျောက်မဏ္ဍာပ်ဘုရားစေတီများဖွင့်ပွဲနှင့် ဘုရားဖူးလာရောက်ကြသူများ အဆင်ပြေချောမွေ့စွာ ဘုရားဖူးနိုင်ကြစေရန်အတွက် ဇလုံတောင်တက်ကားလိုင်းဖွင့်ပွဲ ယနေ့ နံနက် ၉ နာရီက မြို့တော်ခန်းမရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့မပရိယတ္တိ စာသင်တိုက်တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တ ဦးဝိစိတ္တ၊ ဇလုံတောင်သာသနာပြု ဆရာတော်ဘဒ္ဒန္တဦးပညာသာရ (သာသနဓဇဓမ္မာစရိယ)၊ကျောက်မဏ္ဍာပ်ဆရာတော်ဘဒ္ဒန္တအာစ္စရ၊ ရွှေညောင်ပင်ဆရာတော်ဘဒ္ဒန္တ ဦးပညာသီရိ၊ ဇလုံတောင်တော်ဘုရားဂေါပကဥက္ကဋ္ဌ ဦးကျော်ဝေ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာအကြီးအကဲများက နာမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ဆရာတော် ဦးဝိစိတ္တမှ ဩဝါဒမိန့်ကြားကာ၊ ဂေါပကဥက္ကဋ္ဌက ဇလုံတောင်ဘုရားစေတီများနှင့် ကျောက်မဏ္ဍာပ် ဘုရားစေတီများ ဖွင့်လှစ်ရခြင်းနှင့် ကားလိုင်းဖွင့်လှစ်ရခြင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဇလုံတောင်တော် ဘုရားစေတီများနှင့် ကျောက်မဏ္ဍာပ်ဘုရားစေတီများပါသည့် ပိုစတာဆိုင်းဘုတ်ကို စိုက်ထူကြပြီး ဆရာတော်၊ သံဃာတော်များနှင့် ဘုရားဂေါပကအဖွဲ့များက ဆိုင်းဘုတ်နှင့် တောင်တက်ကားများအား အမွှေးနံ့သာရည်များကို အောင်သပြေခက်များဖြင့် ပက်ဖျန်းကြကာ အမှတ်တရဓာတ်ပုံများ ရိုက်ခဲ့ကြသည်။

ကုဏ္ဍာသယဇလုံတောင် ဘုရားစေတီများနှင့် ကျောက်မဏ္ဍာပ်ဘုရားစေတီများတို့ ဘုရားဖူးလာရောက်သည့် သူများအတွက် ဇလုံတောင်တက်ကားအသင်းကို ဖန်းမောက်မြို့ မြို့တော်ခန်းမရှေ့တွင် နံနက် ၆ နာရီ မှ ညနေ ၃နာရီအထိ နေ့စဉ်ပြေးဆွဲသွားမည်ဖြစ်သောကြောင့် ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးခရီးသည်များ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်း အန္တရာယ်ကင်းရှင်းစွာဖြင့် ဇလုံတောင်တော်ဘုရားသို့ ဖူးမြော်နိုင်ပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၅၀၃)

# ရွှေစက်တော်ဘုရားပွဲရာသီတွင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များ မင်းဘူးမြို့နှင့် ဆက်စပ်ဒေသများသို့ လာရောက်သူများပြားနိုင်



**မင်းဘူး ဇန်နဝါရီ ၆**

ယခုနှစ် ရွှေစက်တော်ဘုရားပွဲရာသီတွင် အနယ်နယ်အရပ်ရပ်မှ ခရီးသွား ဧည့်သည်များအနေဖြင့် မင်းဘူးမြို့နှင့် ဆက်စပ်နေသည့် အထင်ကရနေရာများသို့ လာရောက်လေ့လာလည်ပတ်သူများပြားနိုင်ကြောင်း ရွှေစက်တော်ဘုရားပွဲတော်ကျင်းပနိုင်ရေးကော်မတီထံမှ သိရသည်။

"မန်းရွှေစက်တော် ဘုရားပွဲကို နွေရာသီ ရုံးပိတ်ရက်တွေမှာဆို ကျွန်တော်တို့ အောက်ပြည်အောက်ရွာကနေ အတော်လေးသွားကြတာများပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ ခြေတော်ရာအစစ်ဖြစ်နေတော့ ပိုပြီး စိတ်ဝင်စားမှု များတယ်လို့ထင်ပါတယ်။ ရွှေစက်တော်ဘုရားပွဲက မကွေးမြသလွန်ဘုရား၊ စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်၊ မန်းရွှေစက်တော် ပါဒစေတီတော်၊ စကုမြို့မှ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများနှင့် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားများနှင့် ခရီးစဉ်က တဆက်တစပ်တည်း ဖြစ်နေတော့ ခရီးသွားဧည့်သည်တွေအတွက်လည်း စိတ်ဝင်စားမှုရှိပြီး အသွားများကြတာပါ" ဟု ရွှေတောင်မြို့မှ ခရီးသွားတစ်ဦးက ပြောသည်။

မန်းရွှေစက်တော် ဘုရားပွဲကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူကာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်၊ ၁၃၈၆ ခုနှစ် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ ၇၅ ရက်ကြာ ကျင်းပသွားမှာဖြစ်ပြီး၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာခရီးသွားပြည်သူများ အဆင်ပြေပြေဖူးမြော်နိုင်ရန် တည်းကျောင်းပေါင်း ၆၀၀ ကျော်၊ ဈေးဆိုင်ခန်းပေါင်း ၈၀၀ ကျော် ဆောက်လုပ်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

"ရွှေစက်တော် ဘုရားပွဲတော်ရာသီမှာ ရာသီဥတုကလည်း သာယာ လမ်းခရီးကလည်း ကောင်းမွန်ပြီး၊ ခရီးစဉ်က တဆက်တစပ်တည်း ဖြစ်နေတာမို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ အပန်းဖြေလေ့လာခရီးထွက်လိုသူများ စိတ်ချမ်းမြေ့စရာကောင်းလှသော ခရီးစဉ်ဒေသတစ်ခုဖြစ်ပါတယ်" ဟု ရွှေစက်တော်ဂေါပက ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

(အပေါ်ဝဲပုံ) (၅၀၄)

# ကျေးရွာဖွံ့ဖြိုးရေး ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မိတ္ထီလာ ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေး ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဆည်ကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ၅၀ ရာခိုင်နှုန်းမှ ငွေကျပ် ၂၀သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၀ ဒသမ ၆၉ သန်း၊ စုစုပေါင်းငွေကျပ် ၂၀ ဒသမ ၆၉ သန်းဖြင့် အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ ၊ ထု ၆လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ဆောင်ရွက်ခဲ့ရာ ၎င်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၂၀၁အိမ်၊ လူဦးရေ ၁၀၁၈ ဦးအား အကျိုးပြုပေးနိုင်မည်ဖြစ်သည်။

အဆိုပါကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ ဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းအရည်အသွေး ပြည့်မီစွာ ဆောင်ရွက်သွားကြရန်၊ လုပ်ငန်းအသုံးစရိတ်များအား ပြည်သူလူထုသို့ ချပြရှင်းလင်းသွားရန်၊ စာရင်းစစ်ဆေးခံနိုင်ရေး ပြေစာဘောက်ချာများအား စနစ်တကျ ထိန်းသိမ်းထားရှိရန်၊ ကွန်ကရစ်လမ်း ရေရှည်ထိန်းသိမ်းနိုင်မည့် အစီအစဉ်များ ချမှတ်သွားရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)

(၄၆၉)



သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။

# ရတနာပုံတက္ကသိုလ်၌ ဘူမိဗေဒဘာသာရပ်ဝင်ခွင့်ရ ပထမနှစ်ကျောင်းသား၊ ကျောင်းသူများ မိုင်(၂၀) လမ်းလျှောက်စစ်ဆေးခြင်း ပြုလုပ်



**မန္တလေး ဇန်နဝါရီ ၆**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ဘူမိဗေဒဘာသာရပ်အထူးပြုဖြင့် ပထမနှစ် နေ့သင်တန်းတွင် ဝင်ခွင့်ရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၏ မိုင်၂၀ လမ်းလျှောက်မှု စစ်ဆေးခြင်းကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက အဆိုပါတက္ကသိုလ်တွင် ပြုလုပ်ခဲ့သည်။

"ကျောင်းအပ်နှံပြီးတဲ့ ကျောင်းသား၊ ကျောင်းသူများကို မိုင်၂၀ လမ်းလျှောက်နိုင်မှု စစ်ဆေးမှု ပြုလုပ်တာဖြစ်ပါတယ်။ စုရပ်ဖြစ်တဲ့ ပင်မဆောင်ကနေ တာလွှတ်ပြီး ၁၂ ပတ် သတ်မှတ်ထားပါတယ်။ ယခုလို စစ်ဆေးရတာက ဘာသာရပ်အထောက်အကူပြုပညာရပ်နယ်ပယ်တွေကို လက်တွေ့သွားရောက်ကြတဲ့အခါ လက်တွေ့ကွင်းဆင်းထွက်ကြရတဲ့အခါ ကြံ့ခိုင်မှု၊ သက်လုံကောင်းမှု၊ ဇွဲလုံ့လပြည့်ဝမှု၊ အသင်းအဖွဲ့စိတ်ဓာတ်၊ ပေါင်းသင်းဆက်ဆံရေးကောင်းများဖြစ်ပေါ်လာစေရန် ရည်ရွယ် ပြီး စစ်ဆေးမှုပြုလုပ်တာဖြစ်ပါတယ်" ဟု ရတနာပုံတက္ကသိုလ် ဘူမိဗေဒဌာနမှ(ပါမောက္ခ၊ဌာနမှူး) ဒေါက်တာ နှင်းနှင်းဌေးက ပြောသည်။

ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးဆေးစစ်ခြင်းနှင့် Color Blindness စစ်ဆေးခြင်းကို ဇန်နဝါရီ ၃ ရက်က စစ်ဆေးခဲ့ပြီး ကျန်းမာရေးဆေးစစ်ခြင်းနှင့် မိုင်၂၀ လမ်းလျှောက်မှုစစ်ဆေးခြင်း ပျက်ကွက်ပါက ဘူမိဗေဒဘာသာရပ်အထူးပြုကို လုံးဝတက်ရောက်ခွင့် မပြုကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ဘူမိဗေဒဘာသာရပ်သည် သဘာဝသိပ္ပံ(natural science) ဘာသာရပ်ဖြစ်ပြီး ၎င်းဘာသာရပ်သည် Physics, Chemistry, Computer Science, Biology, Botany, Geography အစရှိသော ဘာသာများရပ်များနှင့် ဆက်စပ်နေသည့် ဘာသာရပ်ဖြစ်ပြီး ဘူမိဗေဒ(Geology) ဘာသာရပ်၏ ဘာသာရပ်ခွဲများအဖြစ် Mineralogy (တွင်းထွက်များကို လေ့လာသောဘာသာရပ်)၊ Petrology (ကျောက်ပညာကို လေ့လာသော ဘာသာရပ်)၊ Economic Geology (စီးပွားဖြစ်ဘူမိဗေဒ)၊ Structural Geology (အနေအထားဘူမိဗေဒ)၊ Geomophology(ဘူမိရုပ်သွင်)၊ Stratigraphy (ထရဗေဒ(ခ) ကျောက်လွှာများကို လေ့လာသောဘာသာရပ်)၊ Paleontology (ကျောက်ဖြစ်ရုပ်ကြွင်း)၊ Geochronology (ဘူမိအချိန်ကို လေ့လာသော ဘာသာရပ်)၊ Environmental Geology (ပတ်ဝန်းကျင်ဘူမိဗေဒ)၊ Engineering and Hydnology (အင်ဂျင်နီယာဘူမိဗေဒနှင့် ရေအသုံးချဘူမိဗေဒ)၊ Petnoleum Geology (ရေနံရှာဖွေရေးဘူမိဗေဒ)၊ Mining Geology(သတ္တုတွင်းဘူမိဗေဒ)၊ Geochemisty(ဘူမိဓာတုဗေဒ) စသည့် ဘာသာရပ်ခွဲများကို လေ့ကျင့်သင်ကြား ပို့ချလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၈၂)

# ပညာရေးစုံညီပွဲတော်အခမ်းအနား ကျင်းပ

**မိုင်းဖြတ် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်ကို ယမန်နေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ အ·ထ·က(မိုင်းဖြတ်)မှ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုပါသည် စုံညီပွဲတော်သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးက ပညာသင်နှစ်တစ်နှစ်အတွင်း ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာဂုဏ်ယူပါကြောင်း၊ နှစ်စဉ်မြို့နယ်ဂုဏ်ဆောင် ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွန်းစေရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ဒုတိယမြို့နယ်ပညာရေးမှူး ဦးကြည်ထွန်းက တစ်နှစ်တာအတွင်း ပညာရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ကျေးဇူးတင်စကားများပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်များတွင် ထူးချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက တိုင်းရင်းသားရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(ယာပုံ)

မြို့နယ်(ပြန်/ဆက်)



# ဆောင်းမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းဆင်းစစ်ဆေး

**ကျွန်းလှ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းရာသီ၌ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက မြေပဲစိုက်ခင်းများ ယခုအခါ ပန်းပွင့်ချိန်၊ ဥချချိန်ကာလတွင် ရွက်လိပ်ရွက်ကပ်ပိုး၊ ရွက်စုံစားခူကျရောက်တတ်ကြောင်း၊ ရေလိုအပ်ချက်ရှိပါက ရေပေးဝေရန်လိုကြောင်း တောင်သူများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့သည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုးမှုအဖြစ် မြေပဲ ၁၄၂၃၉ ဧက၊ နှမ်း ၁၄၀၃၆ ဧက၊ နေကြာ ၅၂၃ ဧက၊ ပန်းနှမ်း ၅၃၁၇ ဧက၊ မုန်ညင်းစေ့ ၃၆၅ ဧက၊ စုစုပေါင်း ၃၄၄၈၀ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)(၄၈၀)





## စက်သုံးဆီအရောင်းဆိုင်သို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကွင်းဆင်းဆောင်ရွက်

**မြစ်သား ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက မြစ်သားမြို့နယ် ရွာခိုင်ကြီးကျေးရွာရှိ အောင်ငွေဖြိုး စက်သုံးဆီအရောင်းဆိုင်သို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် မြစ်သားမြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မင်းကျော်နှင့်ဝန်ထမ်းများက ရွာခိုင်ကြီးကျေးရွာရှိ အောင် ငွေဖြိုးစက်သုံးဆီအရောင်းဆိုင်တွင် မီးလန့်မှုနှင့် မီးလောင်မှုများမဖြစ်ပွားစေရေး၊ မီးဘေးသတိရှိရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီး၊ ရေနှင့် မီးသတ်ဆေးဘူးများ အဆင့်ဆင့်ထားရှိမှုနှင့် မီးသတ်ဆေးဘူးများ စနစ်တကျပြင်ဆင်ထားရှိပြီး လေပေါင် ရှိ၊ မရှိတို့ကို စစ်ဆေးကာ မီးဘေးအန္တရာယ်ဆိုင်ရာတို့ကို အသိပညာပေးလိုက်လံစစ်ဆေးဆောင်ရွက်ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝါဝါမြင့်(မြစ်သား)

## ပီတိပညာရေးပရဟိတမှ အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း) ဆရာမကြီး(၂)ဦးအား ငွေကျပ်(၁၅)သိန်းစီ ထောက်ပံ့ငွေပေးအပ်

**သရက် ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့တွင် အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း) ဆရာမကြီး ၂ ဦးအား ငွေကျပ် ၁၅ သိန်းစီ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ခရိုင်စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် နာယကဆရာကြီး ဦးအောင်ကျော်စိုးနှင့် မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်ဦးတို့က ယခုလိုသက်ပြည့်အငြိမ်းစားယူပြီး ဆရာကြီးဆရာမများ လစဉ်အလှူငွေပေးအပ်ရာမှာ စေတနာအလှူငွေကောက်ခံသည့်စနစ်ဖြင့် ဆောင်ရွက်၍ ထောက်ပံ့ငွေပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားပေးခဲ့ပြီး ပီတိပညာရေးပရဟိတအဖွဲ့ဝင် ဦးမြင့်သိန်းက စေတနာအလှူငွေကောက်ခံဆောင်ရွက်ရသည့်အခြေအနေများကို ရှင်းလင်းပေးခဲ့သည်။

ထို့နောက် အငြိမ်းစားပင်စင်ယူထားသည့် ဒေါ်ဌေးဌေးအုန်း(မလပြ) ပြည်တော်အေးနှင့် ဒေါ်မြတ်မူ(အလပြ) အ-ထ-က (၂)တို့အား ပီတိပညာရေးပရဟိတမှ ထောက်ပံ့ငွေကျပ် ၁၅ သိန်းစီအား ပီတိပညာရေးအဖွဲ့ဝင် ဆရာကြီး ဦးအောင်မြင်သန်းမှပေးအပ်ရာ ထောက်ပံ့ခံဆရာမကြီး ၂ ဦးတို့မှ လက်ခံပေးခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားပေးခဲ့သည်။ ထို့နောက် အငြိမ်းစား သက်ကြီးဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်ရန်အတွက် အလှူငွေကျပ် ၃သောင်းစီ လှူဒါန်းပေးခဲ့ရာ ပီတိပညာရေးအဖွဲ့ဝင် ဆရာမကြီး ဒေါ်တင်တင်ယုက လက်ခံပေးခဲ့ကြောင်း သိရသည်။

ဇော်ဝမ်းထွန်း(အောင်လံ)

*-*-*-*-*

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

**မိုင်းယောင်း ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ မြို့နယ်ပညာရေးစုံညီပွဲတော်ကို ကျင်းပခဲ့သည်။

စုံညီပွဲတော်တွင် ခရိုင်ပညာရေးမှူး ဦးတင့်ဆွေနှင့် မိုင်းယောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြည်တို့က အမှာစကားပြောကြား၍၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ကာယဉာဏပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး မြို့နယ်ပညာရေးစုံညီပွဲတော်အတွက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးသက်နောင်ထူးက ဂုဏ်ပြုငွေကျပ် ၂၀၀၀၀၀၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက ဂုဏ်ပြုငွေကျပ် ၁၀၀၀၀၀ ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားမိဘများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများစုံညီစွာ တက်ရောက်ကြသည်။

အလားတူ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဇန်နဝါရီ ၃ ရက်က ကျောင်းအလိုက် ပညာရေးစုံညီပွဲတော်ကို တပျော်တပါး ကျင်းပဆင်နွှဲကြကြောင်း သိရသည်။

(အောက်ပုံ)

ဝေဝေနိုင်(ပြန်/ဆက်)

*-*-*-*-*

*-*-*-*-*-*



## အိန္ဒိယရုပ်ရှင်ပွဲတော်(မန္တလေး)ကျင်းပမည် ကြည့်ရှုလိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်

**မန္တလေး ဇန်နဝါရီ ၆**

မန္တလေး၊ အခြေစိုက်အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှကြီးမှူး၍ အိန္ဒိယနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် အိန္ဒိယရုပ်ရှင်ပွဲတော်(မန္တလေး)ကို ဇန်နဝါရီ ၈ရက်မှ ၁၀ရက်အထိ ညနေ ၅နာရီတွင် မန္တလေးမြို့တော်ခန်းမတွင် ကျင်းပသွားမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်ပွဲတော်ပထမနေ့ ဇန်နဝါရီ၈ရက်တွင် Zindagi Na Milegi Dabara (ဟင်ဒီစကား ပြောဇာတ်ကား)၊ ဇန်နဝါရီ ၉ရက်တွင် Chithha (တမီးစကားပြောဇာတ်ကား)၊ ဇန်နဝါရီ ၁၀ ရက်တွင် Godday Godday Chaa (ပန်ချာစကားပြောဇာတ်ကား)တို့ပါဝင်ပြီး ရုပ်ရှင်ကြည့်ရှုလိုသော အိန္ဒိယမျိုးနွယ်စုများနှင့် မိတ်ဆွေများ ဖုန်း ၀၂-၄၀၈၀၃၅၅၊ ၀၂-၄၀၈၁၀၁၉ သို့လည်းကောင်း၊ အီးမေးလ် indianfilm festival2025@gmail.com သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)(၀၄၅)




သစ်တော သစ်ပင်
ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

- ❖ စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ် ...
- ❖ စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ် ...
- ❖ တစ်ဦးချင်းအသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို ...
- ❖ ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို ...
- ❖ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများတာရှည်အထားခံနိုင်ရန် ပြုပြင်မွမ်းမံခြင်းနည်းပညာဝန်ထမ်း ၅ ရက်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်





**မန္တလေး ဇန်နဝါရီ ၆**

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တာရှည်အထားခံနိုင်ရန် ပြုပြင်မွမ်းမံခြင်းနည်းပညာဝန်ထမ်း(၅)ရက်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ ထုံးဘိုရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသူသင်တန်းသား ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းဖွင့်ပွဲ အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူများ၏ လူနေမှုဘဝစားသောက်မှုပုံစံများ ပြောင်းလဲလာသည်နှင့်အမျှ စားနပ်ရိက္ခာဖူလုံရေး၊ စားသုံးသူများ၏ ကျန်းမာရေးနှင့် အာဟာရပြည့်ဝရေး၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများနှင့် မိသားစုဝင်ငွေ တိုးတက်ရရှိစေရေးအတွက် တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့် ထုတ်လုပ်သည့် နည်းပညာများ ပြန့်ပွားရေးလုပ်ငန်းသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေပါကြောင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို လေလွင့်ဆုံးရှုံးမှုနှင့် အရည်အသွေးများ ပျက်စီးမှုလျော့နည်းစေရန် ကြာရှည်ခံအောင် စိုက်ပျိုးရိတ်သိမ်းပြီး နောက်ပိုင်း ထုတ်ကုန်များ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း နည်းပညာများနှင့် နည်းစနစ်များ လိုအပ်လျက်ရှိပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူများအား အမှန်တကယ် အသုံးပြုနိုင်အောင် အသေအချာ လေ့လာမှတ်သားပြီး လက်တွေ့နယ်ပယ်တွင် လိုက်နာကျင့်သုံးကာ ထိရောက်စွာ စာမျက်နှာ ၃ သို့ ❖

# ရာအူးလ်ဟီမီနက် ပရီးမီးယားလိဂ်သမိုင်းတွင် ဂိုးအများဆုံး သွင်းယူနိုင်သည့် မက္ကဆီကိုကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်

**လန်ဒန် ဇန်နဝါရီ ၆**

ဖူလ်ဟမ်အသင်း တိုက်စစ်မှူး ရာအူးလ်ဟီမီနက်(သွင်းဂိုး ၅၅ဂိုး)သည် မန်ချက်စတာယူနိုက်တက်အသင်း ကစားသမားဟောင်း ဂျာဗီဟာနန်ဒက်ဇ်(၅၃ဂိုး)အား ကျော်ဖြတ်ပြီး ပရီးမီးယားလိဂ်သမိုင်းတွင် ဂိုးအများဆုံး သွင်းယူနိုင်သည့် မက္ကဆီကိုကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ဖူလ်ဟမ်အသင်းနှင့် အစ်ဆွစ်ချ်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးနှစ်ဂိုးစလုံး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ရာအူးလ်ဟီမီနက်သည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ဖူလ်ဟမ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၂ ပွဲကစားပြီး ၉ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသလို မက္ကဆီကိုလက်ရွေးစင်အသင်းနှင့်လည်း ၂၀၁၃ မှ ၂၀၂၄ အထိ ပြိုင်ပွဲပေါင်း ၁၀၇ပွဲကစားကာ ၃၅ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

အသက်(၃၃)နှစ်အရွယ်ရှိ ရာအူးလ်ဟီမီနက်က "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အသင်းအတွက် ယခုလို သွင်းဂိုးတွေနဲ့ အောင်မြင်မှုတွေ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါ တယ်"ဟု ပြောသည်။

ဖူလ်ဟမ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ပွဲ ၂၀ ကစားအပြီးတွင် ရမှတ် ၃၀ မှတ်ဖြင့် အဆင့် ၉ နေရာတွင် ရပ်တည်ခဲ့သည်။

(NGB)

